# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၆ ခုနှစ်၊ ပြာသိုလကွယ်နေ့၊ အင်္ဂါနေ့။ Tuesday, 28 January 2025 ၁၁၇၁၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ယနေ့ ဖတ်စရာ


**နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် လောင်းကစားမှုများ တားဆီးနှိမ်နင်းရေးဆိုင်ရာအစည်းအဝေး ကျင်းပ** စာမျက်နှာ » ၄

**အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကျေနဝီသတိမအစည်းအဝေးနှင့် အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ကျင်းပမည်** စာမျက်နှာ » ၅

**ဖတ်စရာမှတ်စရာ ယူဂိုဆလားဗီးယား သမိုင်းသင်ခန်းစာ** ဆောင်းပါး စာမျက်နှာ » ၆

**ရေရှည်တည်တံ့သော မြန်မာ့ဝါဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ...** ဆောင်းပါး စာမျက်နှာ » ၁၁




## ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပေး

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းသည် ဆေးဝါးသုံးစွဲသူပြည်သူအများ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရန်နှင့် ဆေးဝါးများ မပြတ်လပ်ရေးအတွက် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ နေပြည်တော်ကောင်စီ၏ ပံ့ပိုးမှုတို့ဖြင့် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ(မြင်းရုပ်အနီး)၌ ဒုတိယအကြိမ်မြောက် ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲကို ကျင်းပလျက်ရှိပြီး ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆေးကုမ္ပဏီ ၄၀ မှ ဆေးဝါးမျိုးစုံတို့ကို ပါဝင်ပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ○


## ဇီးကုန်းမြို့နယ်တွင် တောင်ညိုဆည်နှင့် ဘော်ဘင်ဆည်တို့မှ ဆည်ရေဖြင့် နွေစပါးများ စိုက်ပျိုး



ဇီးကုန်းမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

ဇီးကုန်း ဇန်နဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် တောင်ညိုဆည်နှင့် ဘော်ဘင်ဆည်တို့မှ ပို့လွှတ်သော ဆည်ရေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးစိုက်ဧက ၇၉၇၃ ဧက လျာထားဆောင်ရွက်လျက်ရှိရာ ၂၅၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးလျက်ရှိ**

စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်မှုဖြင့် အစေ့ချကိရိယာ၊ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးလျက်ရှိပြီး မျိုးကောင်းမျိုးသန့်အသုံးပြုစိုက်ပျိုးရေး၊ သွင်းအားစု အချိန်ကိုက်သုံးစွဲနိုင်ရေးအတွက် စိုက်ပျိုး/မွေးမြူရေးကြီးကြပ်အဖွဲ့က ကြီးကြပ်၍ သွင်းအားစုများကို အချိန်မီသုံးစွဲနိုင်ရေး အတွက်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻


## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၂၇

| | | | | |
|---|---|---|---|---|
| ဟားခါး | ၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

ကြေးမုံ

# သာသနာ့အာဇာနည်အရှင်သူမြတ်ပေါ်ထွန်း ဗုဒ္ဓသာသနာရောင်ဝါ နေလပမာထွန်းလင်း

လောကအားလုံးကို သိတော်မူသော အတုမရှိ သဗ္ဗညုတဘုရားရှင်သည် ၄၅ ဝါကာလပတ်လုံး လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားတို့ကို ဖြစ်ပေါ်စေနိုင်သော တရားတော်များကို ဟောကြားတော်မူခဲ့သည်။ ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များ မပျောက်ပျက်သွားစေရန်နှင့် ဘုရားရှင်၏ သာသနာတော် နှစ်ပေါင်း ၅၀၀၀ မကကြာအောင် တည်တံ့ပြန့်ပွားစေရန် ရှင်မဟာကဿပစသည့် ရဟန္တာမထေရ်ကြီးများက သင်္ဂါယနာအဆင့်ဆင့် တင်တော်မူခဲ့သည်။

ဤသို့ သင်္ဂါယနာအဆင့်ဆင့် တင်ခြင်းအားဖြင့် ဘုရားရှင် ပရိနိဗ္ဗာန်စံယူပြီးနောက် ရှင်မဟာကဿပအမှူးပြုသော သံဃာတော်အဆက်ဆက်၊ မင်းအဆက်ဆက်တို့သည် ဘုရားရှင်ထားတော်မူခဲ့သော တရားမြတ်များနှင့် သာသနာတော် နှစ်ပေါင်း ၅၀၀၀ မကကြာအောင် အစဉ်တည်တံ့သန့်ရှင်းပြန့်ပွားရေးအတွက် သဒ္ဓါတရား၊ ဝီရိယတရား၊ ဉာဏ်ပညာအားကြီးမားစွာဖြင့် အစဉ်အဆက်ထမ်းရွက်စောင့်ရှောက်တော်မူခဲ့သည်။ မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၏ အားကြိုးမာန်တက်ဆောင်ရွက်မှု၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး ဦးဆောင်သော သံဃာတော်အရှင်မြတ်များ၏ သာသနာတော်အတွက် အလေးအနက်ထားဆောင်ရွက်မှုတို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်သည် အရှိန်အဟုန်ဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ ဘက်စုံတိုးတက်လာသည်။

ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်ဆည်းကပ်သော နိုင်ငံငါးနိုင်ငံတွင် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာကို တန်ဖိုးအထားဆုံး၊ အလေးထားဆုံး၊ အထွန်းလင်းအတောက်ပဆုံးနိုင်ငံဖြစ်သည်။ သမိုင်းအဆက်ဆက်၊ ခေတ်အဆက်ဆက်တွင် သာသနာ့သူရဲကောင်းအာဇာနည် အရှင်သူမြတ်များ ပေါ်ထွန်းခဲ့သည်။ သာသနာတော် အစဉ်ထွန်းလင်းတောက်ပစေရန်အတွက် သာသနာတော်ဆိုင်ရာ စာမေးပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ သာသနာ့အာဇာနည်အရှင်မြတ်များ နှစ်စဉ်ပေါ်ထွန်းလျက်ရှိပြီး သာသနာတော်အကျိုးကိုသယ်ပိုးကာ ဗုဒ္ဓသာသနာတော်ကြီး နေလိုလလိုထွန်းတောက်အောင် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ဗုဒ္ဓသာသနာတွင် တိပိဋကဓရ တိပိဋကကောဝိဒစာမေးပွဲသည် အနက်နဲဆုံးဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ် (၁၉၄၈ ခုနှစ်) မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့်နှစ်မှစ၍ စတင်ကျင်းပခဲ့ရာ ယခုအချိန်အထိ (၇၇)ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်သည်။ ပထမအကြိမ်မှ (၇၆)ကြိမ်မြောက်အထိ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် (၁၆) ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် ပေါ်ထွန်းခဲ့ပြီးနောက် နှစ်မခြားဘဲ ယခုနှစ် ၁၃၈၆ ခုနှစ် (၂၀၂၅ ခုနှစ်) (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်တစ်ပါး (၁၇)ပါးမြောက် ထပ်မံပေါ်ထွန်းလာပြန်ရာ ထေရဝါဒဗုဒ္ဓသာသနာနိုင်ငံအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူရပြီး ဗုဒ္ဓဘာသာဝင် အပေါင်းတို့က ဦးညွှတ်ပူဇော် သာဓုခေါ်ဆိုကြမည်ဖြစ်သည်။

ယခုနှစ်(၇၇)ကြိမ်မြောက် ကျင်းပသောစာမေးပွဲကြီးတွင် အဘိဓမ္မာ (နောက်ပိုင်း)ဖြစ်သော ယမကနှင့် ပဋ္ဌာနဟူသည့် ခက်ခဲနက်နဲလှသော ကျမ်းနှစ်ဆူ၏ ခဲရာခဲဆစ်သဘောအဓိပ္ပာယ်များကို အရှင်သေဋ္ဌဉာဏ လင်္ကာရ၊ သက်တော် ၄၅ နှစ်၊ ဝါတော် ၂၃ ဝါသည် အောင်မြင်စွာဖြေဆိုနိုင်ခဲ့သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါကနက္ကဒဏ် ထီးဖြူတော်(၃)လက် အမှတ်တံဆိပ်ပါ သာသနာ့အောင်လံတော်ကို ခံယူရရှိခြင်းနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့အထက်တန်းခရီးသွားလက်မှတ် (ရာသက်ပန်) (တပည့်နှစ်ဦးအပါအဝင်) ဆွမ်းဆန်တော်စသည်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်၍ အတိုင်းမသိဂုဏ်ယူဝမ်းမြောက်ကာ ဖရဏာပီတိဂွမ်းဆီထိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ခံစားကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ယခုကျင်းပသော (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်တော်များ၏ အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယများလာ ခက်ခဲနက်နဲသော သဘောအဓိပ္ပာယ်တို့ကို ဆရာတော်၏ သဒ္ဓါစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ဖြေဆိုအောင်မြင်တော်မူခဲ့ပြီးဖြစ်၍ နိုင်ငံတော်က ဆက်ကပ်သော တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူမည်ဖြစ်သည်။

သို့ဖြစ်ရာ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး သာသနာနှစ်ပေါင်း ၅၀၀၀ မကတည်တံ့ဖြစ်ထွန်း ထွန်းလင်းတောက်ပစေရန် ပရိယတ္တိ၊ ပဋိပတ္တိ သာသနာအနက် အဓိကကျသည့် ပရိယတ္တိသာသနာထွန်းကားအောင် အထူးလိုအပ်လျက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပရိယတ္တိသာသနာတော်ကို ချီးမြှင့်ထောက်ပံ့ မြှင့်တင်ဆောင်ရွက်တော်မူကြမည့် သာသနာ့အာဇာနည်အရှင်သူမြတ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလျက်ရှိခြင်းကြောင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော်ကြီး နေလပမာ ထွန်းလင်းတောက်ပနေမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၉၀၀ | ၇,၉၀၀ | ၇၅ | ၅၉၂,၅၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၇၁၇ | ၂,၂၂၂,၂၅၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၂၄ | ၂၀၄,၀၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၁,၁၀၀ | ၂,၀၃၅,၀၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၇၃၆ | ၂,၃၅၅,၂၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၆၀၁ | ၉၉၁,၆၅၀ |
| AMATA | ၄,၀၀၀ | ၄,၁၀၀ | ၁,၀၁၀ | ၄,၀၄၁,၀၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၃၈၈ | ၁,၂၄၁,၆၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၅၀ | ၁,၀၁၀ | ၃,၀၈၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက် နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန် အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင် စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ် စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန် ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှု ရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာ စကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း အိန္ဒိယသမ္မတနိုင်ငံ၏ (၇၆)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၇

အိန္ဒိယသမ္မတနိုင်ငံ၏ (၇၆)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ Wydham Grand Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ နိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakurနှင့် ဇနီးနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်နှင့် ဇနီး၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် နှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးတို့အား ရင်းရင်း နှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံတော် သီချင်း တို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး အိန္ဒိယ-မြန်မာနှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှု အခြေအနေများကို ဗီဒီယိုကလစ်ဖြင့် ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးH.E.Mr. Abhay Thakur က နှုတ်ခွန်းဆက် စကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေး မှုအကများဖြင့် ကပြဖျော်ဖြေကြ ရာ အခမ်းအနားသို့ တက်ရောက် လာကြသူများက ကြည့်ရှုအားပေး ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ် ကြီး တင်အောင်စန်းနှင့် ဇနီး၊ မြန်မာ နိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ် ကြီး H.E.Mr.Abhay Thakur နှင့် ဇနီးတို့သည် အိန္ဒိယသမ္မတနိုင်ငံ၏ (၇၆)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့ သည် ညှော်ခံပွဲအခမ်းအနား သို့ တက်ရောက်လာကြသူများ နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး သံအမတ်ကြီး နှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ နှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော် အရာရှိများနှင့် ၎င်းတို့၏ ဇနီး များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံး များမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ စစ်သံမှူး များ၊ ကုလသမဂ္ဂဆိုင်ရာဌာနေ ကိုယ်စားလှယ်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြ ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur နှင့် ဇနီးတို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။





မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur အိန္ဒိယသမ္မတနိုင်ငံ၏ (၇၆)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**✻ ဇီးကုန်းမြို့နယ်မှ**

ပုလဲခေတ်မြေဩဇာကို ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူး ပေးလျက်ရှိကြောင်း သိရသည်။

ဇီးကုန်းမြို့နယ်တွင် တောင်သူများအနေဖြင့် ဗီယက်နမ်၊ ရက် ၉၀ စပါးမျိုး၊ ရတနာတိုး၊ အောင်နိုင်တိုး စပါးမျိုးများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း နှင့် ၂၀၂၃ ခုနှစ်တွင် နွေစပါးစိုက်ဧက ၅၀၀၀ ကျော် စိုက်ပျိုးရာမှ ယခုနှစ်တွင် ၇၉၇၃ ဧက လျာထား ဆောင်ရွက်လျက်ရှိပြီး နှစ်စဉ်နွေစပါးစိုက်ဧက တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၇

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

# နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် လောင်းကစားမှုများ တားဆီးနှိမ်နင်းရေးဆိုင်ရာအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၇**

နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် လောင်းကစားမှု (Online Gambling)များအား တားဆီးနှိမ်နင်းရေးဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူပြည်နှင်လွှဲပြောင်းမှု ကြီးကြပ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗဟိုကော်မတီ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တို့မှ ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက Online Scams လုပ်ငန်းများသည် ငွေကြေးလိမ်လည်မှုအပြင် လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ မူးယစ်ဆေးဝါးမှု၊ အဓမ္မလုပ်အားခိုင်းစေမှု၊ ငွေကြေးခဝါချမှုတို့နှင့် ဆက်စပ် လုပ်ဆောင်လာမှု၊ အခက်အခဲများ ကြုံတွေ့နေရသော နိုင်ငံခြားသားများကို ကူညီရှာဖွေကယ်တင်၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးနေမှု၊ အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး နယ်စပ်ဒေသမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားများဝင်ရောက်လာမှု၊ နိုင်ငံခြားသားများသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှု၊ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့အပေါ် အခြေခံ၍ အရေးယူဆောင်ရွက်ခြင်းမပြုမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းပြီး Online Scams နှင့် Online Gambling တိုက်ဖျက်ရေး ဆောင်ရွက်နေမှု၊ မူရင်းနိုင်ငံ၊ ဖြတ်သန်းနိုင်ငံ၊ ဆိုက်ရောက်နိုင်ငံတို့အကြား Shared responsibility ဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ လိမ်လည်မှုလုပ်ငန်းလုပ်ကိုင်နေသူများ အနေဖြင့် အဓိက အခြေခံအဆောက်အအုံ၊ လျှပ်စစ်ဓာတ်အား၊ အခြေခံစားသုံးကုန်များနှင့် အင်တာနက်ဆက်သွယ်မှုတို့ကို အိမ်နီးချင်းနိုင်ငံမှတစ်ဆင့် ရယူသုံးစွဲနေမှု၊ အခြေခံ အဆောက်အအုံနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပြည်ပနိုင်ငံသားများက လုပ်ဆောင်နေမှု၊ မြန်မာ - တရုတ် နှစ်နိုင်ငံရဲတပ်ဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာန (Police Cooperation Center) ထူထောင်၍ ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာ - တရုတ်- ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်း ဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် ဆောင်ရွက်ရန်လိုအပ်မှု၊ အဆိုပါနိုင်ငံများအကြား Task Force တစ်ရပ်ဖွဲ့စည်း၍ Action Plan ရေးဆွဲပြီး ပူးပေါင်းဆောင်ရွက်ရန် စီစဉ် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်မှုနှင့် ပြည်နှင်လွှဲပြောင်းမှု၊ ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scams)နှင့် လောင်းကစားမှု (Online Gambling)များကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေမှု၊ အဆိုပါ မှုခင်းဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ရဲဆက်သွယ်ရေး လမ်းကြောင်းအသီးသီးမှတစ်ဆင့် နိုင်ငံတကာရဲတပ်ဖွဲ့များသို့ သတင်းဖလှယ်ဆောင်ရွက်နေမှု၊ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scams) တိုက်ဖျက်ရေးအတွက် နိုင်ငံတကာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ မြန်မာနိုင်ငံအတွင်း အခက်အခဲများကြုံတွေ့နေသော နိုင်ငံခြားသားများအား ရှာဖွေကူညီ ကယ်တင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်သူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် ဥပဒေအသိပညာရပ်များကို ပိုမိုသိရှိနားလည် တတ်ကျွမ်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ထမ်းများအနေဖြင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး ဥပဒေနှင့်ငြိစွန်းနိုင်သည့် ကိစ္စရပ်များကို ရှောင်ရှား၍ လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ယုံကြည်ချက်ခိုင်မာစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်း၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးကော်မတီများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ ဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ နိုင်ငံတော်အစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ၊ ဥပဒေမူကြမ်းရေးဆွဲခြင်း၊ ပြင်ဆင်သည့်ဥပဒေမူကြမ်းရေးဆွဲခြင်း၊ MoU၊ MOA စာချုပ်များစိစစ်ခြင်းနှင့် လက်မှတ်ရေးထိုးခြင်း၊ ဆိုက်ဘာလုံခြုံရေးဥပဒေနှင့် ဆိုက်ဘာလုံခြုံရေးအသိပညာ၊ မြေယာဥပဒေ၊ ရာဇသတ်ကြီးဆိုင်ရာ သိကောင်းစရာများ၊ နိုင်ငံ့ဝန်ထမ်းများ အခြေခံအားဖြင့် သိသင့်သိထိုက်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများစသည့် ဘာသာရပ်များကို ဥပဒေရေးရာဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားခဲ့သည့် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းသို့ တက်ရောက်ပြီးသော အရာထမ်း၊ အမှုထမ်းများ ပေါင်းစပ်စုဖွဲ့၍ သင်တန်းသားသင်တန်းသူ ၂၀ တို့ကို ရက်သတ္တနှစ်ပတ်ကြာ သင်ကြားဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ **ရွှေ့ဖုံးမှ**

ဆေးဝါးဝယ်ယူရာ၌ ဝယ်ယူမရခြင်းများနှင့် အခြားသောအခက်အခဲများ ရှိနိုင်ခြင်းတို့အပြင် ဆေးဝါးမှားယွင်းဝယ်ယူမိခြင်း မရှိစေရန်နှင့် အာနိသင်ရှိသော အလားတူဆေးဝါးများအား စိတ်ချစွာ ဝယ်ယူနိုင်ရန်အတွက် ဆွေးနွေးတိုင်ပင် လမ်းညွှန်မှုပြုပေးနိုင်ရန် ပြပွဲတွင် ဆရာဝန်နှင့် ဆေးဝါးနားလည် ကျွမ်းကျင်သူများအား ထားရှိကာ ဝန်ဆောင်မှုပေး ဆောင်ရွက်သွားမည်ဖြစ်သည်။

"ဆေးဝါးတွေကို အလွယ်တကူရရှိနိုင်ဖို့အတွက် အလှည့်ကျဆရာဝန်တွေလည်း ရှိပါတယ်။ ဥပမာ ဒီဆေးသောက်ချင်တယ်ဆိုရင် ဆေးကိုလည်း ရှာပေးမယ် သို့သော် မရှိခဲ့ဘူးဆိုရင်လည်း ဒီဆေးနဲ့ အလားတူ သောက်လို့ရပြီး Brand ကွာမယ်၊ Chemical တူမယ့် ပုံစံမျိုးကို ကူညီရှာဖွေပေးသွားမှာ ဖြစ်ပါတယ်။ နောက်ပြီး ဆေးဝါးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကိုလည်း သေသေချာချာ ရှင်းပြပေးသွားမှာ ဖြစ်ပါတယ်။ ဆေးဝါးတွေအနေနဲ့ကတော့ ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်ဆေး၊ အားဆေးအမျိုးမျိုး၊ ပိုးသတ်ဆေး၊ အပူကျဆေး၊ ချောင်းဆိုးပျောက်ဆေးစသဖြင့် ဆေးဝါးမျိုးစုံကို တစ်နေရာတည်းမှာ ရရှိနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

**လေ့လာကြည့်ရှုဝယ်ယူနိုင်**

ထို့ပြင် လာမည့်ဖေဖော်ဝါရီလအတွင်း ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း အရောင်းစင်တာများကို ထပ်မံဖွင့်လှစ်၍ ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ တိုက်ရိုက်ဆေးဝါးရောင်းချခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ဆေးဝါးသုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့ကျန်းမာရေးအတွက် လိုအပ်သော ဆေးဝါးများကို အဆိုပါ ဆေးဝါးအရောင်းစင်တာများတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းအနေဖြင့် အဆိုပါ ဆေးဝါး တိုက်ရိုက်ရောင်းချပွဲများကို ပထမအကြိမ်အနေဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လနှင့်ဩဂုတ်လတို့တွင် ရန်ကုန်၊ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အရောင်းစင်တာများ ဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း သိရသည်။

**လင်းနေ(သတင်းစဉ်)**

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဧကူနဝီသတိမအစည်းအဝေးနှင့် အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၇

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဧကူနဝီသတိမအစည်းအဝေးကို ၁၃၈၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်(ဖေဖော်ဝါရီ ၂၃ ရက်၊ ၂၄ ရက်၊ ၂၅ ရက်၊ ၂၆ ရက်)တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၁ ရက်၊ ၂ ရက်(ဖေဖော်ဝါရီ ၂၇ ရက်၊ ၂၈ ရက်)ကြာသပတေး၊ သောကြာနေ့များတွင် ဧကူနဝီသတိမ အစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၈၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်(ဖေဖော်ဝါရီ ၂၂ ရက်)စနေနေ့တွင် လည်းကောင်း၊ အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကို ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၄ ရက်၊ ၅ ရက်၊ ၆ ရက်(မတ် ၂ ရက်၊ ၃ ရက်၊ ၄ ရက်)တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနေ့တို့တွင် အစည်းအဝေးများ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၃ ရက်(မတ် ၁ ရက်)စနေနေ့တွင် လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ရှမ်းပြည်နယ်အတွင်းရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် မှာကြား

တောင်ကြီး ဇန်နဝါရီ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့သည် ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက်မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ အောင်မြင်စေရေးအတွက် မီဒီယာလုပ်ငန်းများဖြင့် ပူးပေါင်းကူညီဆောင်ရွက်ကြရန် မှာကြားသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်သည် တိုင်းရင်းသားပေါင်းစုံနေထိုင်ပြီး နယ်မြေဒေသကျယ်ဝန်းပါကြောင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ရပြီး ယင်းလုပ်ငန်းများ အောင်မြင်စေရေးနှင့် ပြည်သူများကျယ်ပြန့်စွာသိရှိစေရေးအတွက် မိမိတို့ဝန်ထမ်းများက မီဒီယာလုပ်ငန်းများဖြင့် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူအပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ရန် လိုအပ်သကဲ့သို့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း မိမိတို့တတ်ကျွမ်းသည့် ပညာရပ်များဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် မီဒီယာလုပ်ငန်းများသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသဖြင့် အကျိုးရှိစွာ အသုံးချတတ်ရန်လိုကြောင်း၊ ယခုအခါ မသမာသူများက သတင်းတု၊ သတင်းမှားများကို ထုတ်လွှင့်၍ ပြည်သူများအား အထင်အမြင်လွဲမှားအောင် ပြုလုပ်နေသည့်အတွက် မိမိတို့ဝန်ထမ်းများက သတင်းမှန်ပြန်ကြားရေးနှင့် သတင်းတု၊သတင်းမှား တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းမှန်များ မှန်ကန်စွာ စီးဆင်းရေးအတွက် ရုပ်မြင်သံကြားနှင့် သတင်းစာ၊ ရေဒီယိုများတွင်သာမက အွန်လိုင်းပလက်ဖောင်းမျိုးစုံမှ ထုတ်လွှင့်ဖော်ပြပေးနေသဖြင့် ပြည်သူများကျယ်ပြန့်စွာသိမြင်စေရန် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိတို့ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ရှမ်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ လိုအပ်ချက်များကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူထုအခြေပြုဗဟိုဌာန(တောင်ကြီး)တွင် ပြည်သူများ အသိပညာမြင့်မားရေးအတွက် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးနေသကဲ့သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအား သတင်းမီဒီယာလုပ်ငန်းများ ကျွမ်းကျင်မှုရှိစေရန် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ကျရာရုံးများတွင် အခက်အခဲများရှိပါက ပြည်နယ်အစိုးရအား တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့သည် ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ပေးကာ ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ ပါမောက္ခချုပ်ဆရာတော် ပါမောက္ခ ဒေါက်တာ ဓမ္မသာမိ (အောက်စဖို့ဒ်ဆရာတော်)အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် စာကြည့်တိုက်အတွင်း ကြည့်ရှုလေ့လာ၍ စာအုပ်စာစောင်များ ခင်းကျင်းဆောင်ရွက်ထားမှု၊ ရှေးဟောင်းစာပေကျမ်းဂန်များနှင့် ပေ၊ ပုရပိုက်များ ထိန်းသိမ်းဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုလေ့လာ၍ ကူညီဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းများအား မေးမြန်းလျှောက်ထားသည်။

အဆိုပါ ဗုဒ္ဓတက္ကသိုလ်သည် အေဒီ ၅ ရာစုမှ ၁၂ ရာစု အတွင်း ဗုဒ္ဓဘာသာပညာရှင်ရဟန်းတော်များ တည်ထောင်ထားသည့် ကမ္ဘာ့ရှေးအကျဆုံး အဆင့်မြင့်ပညာရေးဌာနဖြစ်သည့် နာလန္ဒတက္ကသိုလ်နှင့် မြန်မာနိုင်ငံ၏ ပရိယတ္တိအမွေအနှစ်ကို ထင်ရှားကျယ်ပြန့်စွာ ဖော်ဆောင်သော ဓမ္မာစရိယနှင့် သာမဏေကျော် စာသင်နည်းတို့ကို အားကျအတုယူလျက် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်(Shan State Buddhist University)အဖြစ် မြန်မာနိုင်ငံ ရှမ်းပြည်နယ်၌ ပထမဆုံး တည်ထောင်သော ဗုဒ္ဓတက္ကသိုလ်ဖြစ်သည်။

တည်ထောင်သူ အောက်စဖို့ဒ်ဆရာတော် ဒေါက်တာ အရှင်ဓမ္မသာမိသည် ၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့အရပ်ရပ်ရှိ ဗုဒ္ဓတက္ကသိုလ်များ စုစည်းပေးပြီး စည်းရုံးတည်ထောင်ထားသော အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်ကြီးများအသင်း (International Association of Buddhist Universities)နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်အသင်းကြီး(The International Association of Theravada Buddhist Universities)အသင်းနှစ်ခု၏ အတွင်းရေးမှူးချုပ်အနေဖြင့် နိုင်ငံတကာရှိ ဗုဒ္ဓတက္ကသိုလ်များနည်းတူ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့အဆင့်မီ ဗုဒ္ဓတက္ကသိုလ်ကြီးတစ်ခုတည်ထောင်ရန် ပြင်းပြသောဆန္ဒဖြင့် တည်ထောင်ထားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC-1 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားကျင်းပမည့် နေရာကန့်သတ်ချက်အရ သတင်းမီဒီယာသမားဦးရေအား A Zone၊ B Zone ခွဲခြားသတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသည့် သတင်းမီဒီယာများအနေဖြင့် သတင်းမီဒီယာတစ်ခုလျှင်(၂)ဦးနှုန်းဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါ၍ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ရာထူးတာဝန်၊ သတင်းဌာနအမည်စသည့် သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက်များကိုဖြည့်စွက်ကာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ (နေပြည်တော်)၊ ၀၆၇-၃၄၁၂၁၄၃၊ iprd.crd.npt @gmail.com၊ (ရန်ကုန်)၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ၃၁-၁-၂၀၂၅ ရက်နေ့အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ခာတ်ခွဲနမူနာစုစုပေါင်း ၂၉၄၂ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ခာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍**
**အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၂၇-၁-၂၀၂၅) ရက်နေ့၊ ည(၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၉-၁-၂၀၂၅)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၆-၁-၂၀၂၅)ရက်နေ့၊ ည(၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ခာတ်ခွဲနမူနာစုစုပေါင်း (၂,၉၄၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ခာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ဖတ်စရာမှတ်စရာ ယူဂိုဆလားဗီးယား သမိုင်းသင်ခန်းစာ

မောင်ကမ္ဘာ

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအဖြစ် နှစ်ပေါင်း ၄၀ ကျော်ကြာ ရပ်တည်လာခဲ့ပြီးမှ ၁၉၉၀ ပြည့်လွန်နှစ်များအရောက်တွင် ဝါးအစည်းပြေသလိုပြိုကွဲကာ သမိုင်းအတွင်း ပြန်လည်တိုးဝင်ပျောက်ကွယ်သွားခဲ့သော တစ်ချိန်က ယူဂိုဆလားဗီးယားနိုင်ငံ၏ သမိုင်းဖြစ်စဉ်ကို ပြန်ပြောင်းအမှတ်ရမိသည်။

ယူဂိုဆလားဗီးယားနိုင်ငံကို မာရှယ်တီတိုးက ဒုတိယကမ္ဘာစစ်ပြီးစ ၁၉၄၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။ ယူဂိုဆလားဗီးယားသည် ဧရိယာစတုရန်းမိုင် ၉၈၇၆၆ မိုင်ရှိပြီး ထိုစဉ်က လူဦးရေ ၁၇ သန်းကျော်မျှသာရှိသည်။ သို့သော် ပြည်နယ်နှင့် လူမျိုးအလိုက် ကွဲပြားခြားနားမှုများရှိသောကြောင့် ဒေသနယ်ပယ်အစွဲရှိကြသော တိုင်းရင်းသားလူမျိုးများ၏ ဆန္ဒနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်သူ့သမ္မတနိုင်ငံ ခြောက်နိုင်ငံ ထူထောင်ရန် မာရှယ်တီတိုးက လက်ခံသဘောတူခဲ့သည်။

သို့ဖြင့် ဆားဘီးယား၊ ခရိုအေးရှား၊ ဆလိုဗီးနီးယား၊ မွန်တီနီဂရိုး၊ ဘော့စနီးယား – ဟာဇီဂိုဗီးနားနှင့် မက်ဆီဒိုးနီးယားသမ္မတနိုင်ငံတို့ကို စုပေါင်း၍ ပြည်ထောင်စု ယူဂိုဆလားဗီးယား သမ္မတနိုင်ငံအဖြစ် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ထူထောင်ခဲ့သည်။ ဆားဘီးယားသမ္မတနိုင်ငံအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်နှစ်ခုအဖြစ် ကိုဆိုဗိုနှင့် ဗော့ဂျ်ဗိုဒီနာတို့ ပါဝင်သည်။ ယူဂိုဆလားဗီးယားဖက်ဒရယ်ဆိုရှယ်လစ်သမ္မတနိုင်ငံ တစ်ခုလုံးကို ရှစ်ဦးပါ သမ္မတအဖွဲ့က ဦးဆောင်သော်လည်း အလုံးစုံအာဏာပိုင်အဖွဲ့မှာ ယူဂိုဆလားဗီးယားကွန်မြူနစ်အဖွဲ့ချုပ်ဖြစ်သည်။

**တံခါးဖွင့်ပေါ်လစီကို ကျင့်သုံးခဲ့**

မာရှယ်တီတိုးသည် စစ်ထောင်း၍ကြေခဲ့သော ယူဂိုဆလားဗီးယားနိုင်ငံကို အမြန်ဆုံးပြန်လည်ထူထောင်ရန် ကြိုးစားခဲ့သည်။ မာရှယ်တီတိုးသည် ယူဂိုဆလားဗီးယားနိုင်ငံကို ဆိုရှယ်လစ်စနစ်ဖြင့် တည်ဆောက်ခဲ့သော်လည်း တံခါးဖွင့်ပေါ်လစီကို ကျင့်သုံးခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ယူဂိုဆလပ်စီးပွားရေးမှာ တစ်ဟုန်ထိုး တိုးတက်ခဲ့လေသည်။

သို့ရာတွင် မာရှယ်တီတိုးခေတ်မှာပင် ယူဂိုဆလားဗီးယားသည် ဖြေရှင်းရန် ပြဿနာများစွာရှိခဲ့သည်။ လူဦးရေအများဆုံး ဆာ့ဘ်လူမျိုးများနှင့် ဒုတိယအများဆုံးဖြစ်သော ခရိုအေရှန်းတို့မှာ သမိုင်းရန်ငြိုးရှိခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ခရိုအေးရှားနယ်သား အများစုသည် နာဇီဂျာမနီတို့နှင့်ပူးပေါင်းကာ ခရိုအေးရှားနယ်၌နေထိုင်ကြသော ဆာ့ဘ်လူမျိုးများကို လူမျိုးရေးသတ်ဖြတ်မှုများ ပြုလုပ်ခဲ့ကြရာ ဆာ့ဘ်လူမျိုးတစ်သိန်းခန့် အသတ်ခံခဲ့ရသည်ဟု ဆိုသည်။ ထိုဖြစ်စဉ်များကြောင့် ဆာ့ဘ်နှင့် ခရိုအေးရှန်းတို့မှာ ရန်ငြိုးမပြေရှိခဲ့ကြသည်။




တစ်ဖန် မြောက်ပိုင်း၊ တောင်ပိုင်းပြဿနာလည်း ရှိပြန်သည်။ ခရိုအေးရှားနှင့် ဆလိုဗီးနီးယားတို့ ပါဝင်သော မြောက်ပိုင်းဒေသများသည် ရေမြေသယံဇာတကြွယ်ဝသဖြင့် အစဉ်အဆက် ပြည့်စုံကြွယ်ဝချမ်းသာခဲ့သော်လည်း တောင်ပိုင်းဒေသများမှာမူ သယံဇာတရှားပါး၍ ဆင်းရဲသည်။ မြောက်ပိုင်း ခရိုအေးရှားနှင့် ဆလိုဗီးနီးယားမှ လူတစ်ဦးချင်း၏ တစ်နှစ်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၅၀၀၀ ရှိသော်လည်း တောင်ပိုင်း မွန်တီနီဂရိုးနယ်နှင့် ကိုဆိုဗိုတွင် ဒေါ်လာ ၇၀၀ မျှသာ ရှိလေသည်။

သို့နှင့် မာရှယ်တီတိုးက ပြည်ထောင်စုအရ သမ္မတနိုင်ငံများ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်မှုအပေါ် ပြည့်စုံကြွယ်ဝသော မြောက်ပိုင်းက ဆင်းရဲသောတောင်ပိုင်းဒေသများကို အမြဲတမ်းဝေမျှပေးနေရသည့်အတွက် မကျေမနပ်ဖြစ်လာသည်။ အချိုးညီညီ တိုးတက်ရေးဟူသော ဗဟိုအစိုးရ၏လွှဲဆော်ချက်သည် မြောက်ပိုင်းသားများအကြားတွင် အရာမဟုတ်ဘဲ ရှိနေခဲ့သည်။ ဗဟိုချုပ်ကိုင်မှုဖြင့် စီမံခန့်ခွဲနေချိန်၌ ပြဿနာအကြီးအကျယ်မတက်ခဲ့သော်လည်း ဗဟိုချုပ်ကိုင်မှုကို ၁၉၆၆ ခုနှစ်မှစ၍ လျှော့ပေးလိုက်သည့်နောက်တွင် သမ္မတနိုင်ငံများအကြား ထိန်းမနိုင်သိမ်းမရဖြစ်လာခဲ့ကြသည်။

**ခေါင်းခဲစရာ ပြည်တွင်းရေးပြဿနာ**

ခရိုအေးရှားအရေးအခင်းသည် မာရှယ်တီတိုးအဖို့ ခေါင်းခဲစရာ ပြည်တွင်းရေးပြဿနာတစ်ရပ်ဖြစ်လာခဲ့လေသည်။ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများ အလာများ၍ နိုင်ငံခြားဝင်ငွေ အလွန်ကောင်းသော ခရိုအေးရှားနိုင်ငံက နိုင်ငံခြားဝင်ငွေခွဲဝေသုံးစွဲရာတွင် ခရိုအေးရှားနိုင်ငံအတွက် ခွဲတမ်းအများဆုံးပေးရမည်ဟု တောင်းဆိုရာမှ စတင်ခဲ့သည်။ ခရိုအေးရှားမြို့တော် ဇာဂရက်တွင် ၁၉၇၁ ခုနှစ် နိုဝင်ဘာလကဖြစ်ပွားခဲ့သော ကျောင်းသားဆန္ဒပြပွဲကြီးမှတစ်ဆင့် ကိုယ်ပိုင်တပ်မတော်၊ ကိုယ်ပိုင်လေကြောင်းဆက်သွယ်ရေး ကုလသမဂ္ဂသို့ သီးခြားဝင်ရောက်ရေးအပါအဝင် ခရိုအေးရှားသမ္မတနိုင်ငံသီးခြားခွဲထွက်ရေးအထိ တောင်းဆိုလာခဲ့ကြသည်။

ခရိုအေးရှားသီးခြားခွဲထွက်ရေး အယူအဆမှာ ဒုတိယကမ္ဘာစစ်အတွင်းမှစ၍ တည်ရှိခဲ့သည်။ ခွဲထွက်ရေးသမား ၁၀၀၀ ခန့်သည် အနောက်ဥရောပနိုင်ငံအချို့၊ ကနေဒါနှင့် အမေရိကန်နိုင်ငံများတွင် ပြည်ပြေးများအဖြစ် နေထိုင်ခဲ့ကြပြီး ခရိုအေးရှားပြည်တွင်းဆူပူလှုပ်ရှားမှုများ ဖြစ်ပေါ်လာအောင် အခွင့်ကြုံတိုင်း အားပေးအားမြှောက်လုပ်ခဲ့ကြသည်။ ဇာဂရက်ဆန္ဒပြပွဲကြီးသည် ပြည်ပြေးများနှင့် တစ်လေသံတည်း ထွက်လာသောအခါ မာရှယ်တီတိုးသည် ခရိုအေးရှားနယ်သားဖြစ်သော်လည်း မိမိဇာတိဌာနေသားတို့၏ အစွန်းရောက်မှုကို သည်းမခံနိုင်တော့ဘဲ ခပ်ကြမ်းကြမ်းကိုင်တွယ်ခဲ့လေသည်။ တစ်ဖက်တွင်လည်း မာရှယ်တီတိုးသည် ပြည်ထောင်စုကြီးတည်မြဲရေး၊ သမ္မတနိုင်ငံများ ခွဲမထွက်ဘဲ သင့်မြတ်စွာ ပူးပေါင်းနေထိုင်ရေးအတွက် နည်းလမ်းရှာဖွေရန် ဆွေးနွေးခဲ့သည်။

သို့ရာတွင် ခွဲထွက်ရေးသမား ပြည်ပြေးတို့က ယူဂိုဆလားဗီးယားလေကြောင်းပိုင် လေယာဉ်တစ်စင်းနှင့် အမြန်ရထားတစ်စင်းတို့ကို ဗုံးဖောက်ခွဲ၍ အပြစ်မဲ့ခရီးသည်အချို့ သေကျေဒဏ်ရာရရှိခဲ့ကြသည်။ ထို့ပြင် ဆွီဒင်နိုင်ငံမြို့တော် စတော့ဟုမ်းရှိ ယူဂိုဆလပ် သံအမတ်ကြီးကိုလည်း ခရိုအေးရှားအကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။ ခရိုအေးရှားအကြမ်းဖက်သမားများသည် မာဗီးယားဂိုဏ်းကြီးပုံစံမျိုးဖြင့် ဖွဲ့စည်းထားပြီး နိုင်ငံခြားတွင် အလုပ်လုပ်နေကြသော ခရိုအေးရှားလူမျိုးများထံမှ နှစ်စဉ်ဆက်ကြေးကောက်ခံ၍ ရန်ပုံငွေအဖြစ် စုဆောင်းခဲ့ကြသည်။

၁၉၈၀ ပြည့်နှစ် မေလတွင် မာရှယ်တီတိုး ကွယ်လွန်သွားသည်။ ကွယ်လွန်ချိန်တွင် အသက် ၈၇ နှစ်ရှိပြီဖြစ်သော်လည်း ခေါင်းဆောင်ကောင်းပီပီ နိုင်ငံတစ်နိုင်ငံကို ၃၅ နှစ်လုံးလုံး ဦးဆောင်မှုပေးခဲ့သည်။ မာရှယ်တီတိုး မကျန်းမမာဖြစ်စဉ်ကတည်းက လေ့လာသူများက ယူဂိုဆလားဗီးယားနိုင်ငံ၏ အခြေအနေကို သုံးသပ်တွက်ချက်ခဲ့ကြရာ ဘာသာအမျိုးမျိုးနှင့် စကားအထွေထွေရှိသည့် လူမျိုးစုများ အနေဖြင့် ဆက်လက်ပြီး စည်းလုံးညီညွတ်ပါ့မလား၊ ကိုယ်ကျိုးစီးပွားအခြေခံသည့် အယူအဆများ လွှမ်းမိုးပြီး ရှေ့တန်းရောက်သွက နောက်ကျကျန်သူကို အနစ်နာခံပြီး တွဲခေါ်နိုင်ပါ့မလား၊ အစဉ်အလာအရ သမိုင်းနှင့်ချီပြီး ရန်ဘက်ပဋိပက္ခဖြစ်ခဲ့မှုများကို ဆက်လက်ပြီးပြည်ပဖိအားများနိုင်ပါ့မလား စသည့်ဖြင့် မေးခွန်းများစွာထုတ်ခဲ့ကြပြီး ယူဂိုဆလားဗီးယားနိုင်ငံအတွက် အန္တရာယ်အရှိဆုံးမှာ ပြည်တွင်းရေးပင်ဖြစ်သည်ဟု ဆိုခဲ့ကြသည်။

လေ့လာသူများ သုံးသပ်အဖြေထုတ်သကဲ့သို့ပင် ယူဂိုဆလားဗီးယားနိုင်ငံသည် မာရှယ်တီတိုးကွယ်လွန်ပြီး ၁၀ နှစ်မျှအကြာတွင် အက်ကြောင်းစတင်ပေါ်ပေါက်လာသည်။ နောက်တစ်နှစ်၊ နှစ်နှစ်အတွင်း တစ်စစီပြိုကွဲသွားခဲ့လေသည်။

**ဗဟိုချုပ်ကိုင်မှုစနစ်ဖြင့် အုပ်ချုပ်ရန်ကြိုးပမ်းခဲ့**

၁၉၈၈ ခုနှစ်တွင် ဆားဘီးယားပါတီဥက္ကဋ္ဌအဖြစ် ဆလိုဘိုဒန်မီလိုဆီဗစ် တက်လာသည်။ မီလိုဆီဗစ်သည် ယူဂိုဆလားဗီးယားပြည်ထောင်စုတစ်ခုလုံးကို ဗဟိုချုပ်ကိုင်မှုစနစ်ဖြင့် ဆာ့ဘ်တို့က ပြန်လည်အုပ်ချုပ်ရန် ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် ဆာ့ဘ်လူမျိုးစုမဟုတ်သော တိုင်းရင်းသားလူမျိုးများ စိုးရိမ်ထိတ်လန့်လာကြသည်။

၁၉၈၈ ခုနှစ်နှင့် ၁၉၈၉ ခုနှစ်တို့တွင် မီလိုဆီဗစ်သည် ဗော့ဂျ်ဗိုဒီနာနှင့် မွန်တီနီဂရိုးပါတီနှင့် ပြည်နယ်ခေါင်းဆောင်များကို ဖယ်ရှားပစ်ခဲ့သည်။ ကိုဆိုဗိုနှင့် ဗော့ဂျ်ဗိုဒီနာပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များကိုလည်း ရုပ်သိမ်းလိုက်သည်။ ကိုဆိုဗိုတွင် လူများစုဖြစ်သော အယ်လ်ဘေးနီးယားလူမျိုးများကို နှိပ်ကွပ်လွန်းသည်ဟု ယူဆပြီး အယ်လ်ဘေးနီးယားတို့ သူပုန်ထကြသည်။

စာမျက်နှာ ၇ သို့ ❐

> ခရိုအေးရှားသီးခြားခွဲထွက်ရေးအယူအဆမှာ ဒုတိယကမ္ဘာစစ်အတွင်းမှစ၍ တည်ရှိခဲ့သည်။ ခွဲထွက်ရေးသမား ၁၀၀၀ ခန့်သည် အနောက်ဥရောပနိုင်ငံအချို့၊ ကနေဒါနှင့် အမေရိကန်နိုင်ငံများတွင် ပြည်ပြေးများအဖြစ်နေထိုင်ခဲ့ကြပြီး ခရိုအေးရှားပြည်တွင်းဆူပူလှုပ်ရှားမှုများ ဖြစ်ပေါ်လာအောင် အခွင့်ကြုံတိုင်း အားပေးအားမြှောက်လုပ်ခဲ့ကြသည်။ ဇာဂရက်ဆန္ဒပြပွဲကြီးသည် ပြည်ပြေးများနှင့် တစ်လေသံတည်း ထွက်လာသောအခါ မာရှယ်တီတိုးသည် ခရိုအေးရှားနယ်သားဖြစ်သော်လည်း မိမိဇာတိဌာနေသားတို့၏ အစွန်းရောက်မှုကို သည်းမခံနိုင်တော့ဘဲ ခပ်ကြမ်းကြမ်းကိုင်တွယ်ခဲ့လေသည်။ တစ်ဖက်တွင်လည်း မာရှယ်တီတိုးသည် ပြည်ထောင်စုကြီးတည်မြဲရေး၊ သမ္မတနိုင်ငံများ ခွဲမထွက်ဘဲ သင့်မြတ်စွာပူးပေါင်း နေထိုင်ရေးအတွက် နည်းလမ်းရှာဖွေရန်ဆွေးနွေးခဲ့

# နိုင်ငံတော်သြဝါဒါစရိယ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ Special Dhamma Talk များ သင်ကြားပို့ချ



**ရန်ကုန် ဇန်နဝါရီ ၂၇**

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် တည်ထောင်သူနှင့် သြဝါဒါစရိယအဖွဲ့ဝင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒီပလိုမာတန်းမှ ပါရဂူတန်းအထိ တက်ရောက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပမှ သင်တန်းသား သင်တန်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ Special Dhamma Talk ပို့ချသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော် ဒေါက်တာဘဒ္ဒန္တနောဓိဉာဏအမှူးပြုသော တက္ကသိုလ်သင်ကြားဆရာတော်ကြီးများ၊ သင်ကြားသီလရှင်များ၊ ပြည်တွင်း၊ ပြည်ပနိုင်ငံ ၂၁ နိုင်ငံမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၂၈ ပါး/ဦးတို့ တက်ရောက်ကြည်ညိုနာယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## Green Spotted Triangle လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်

**နေပြည်တော် ဇန်ဝါရီ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် "Green Spotted Triangle" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ဖေဖော်ဝါရီ ၁ ရက် (မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တပို့တွဲလဆန်း ၄ ရက်) (စနေနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး /ပြည်နယ်များရှိစာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။




အထူးအစီအစဉ်တစ်ရပ် အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီး တို့တွင် ဖေဖော်ဝါရီ ၁ ရက် (စနေနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သရက်ချောင်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး



**သရက်ချောင်း ဇန်နဝါရီ ၂၇**

တနင်္သာရီ တိုင်းဒေသကြီး သရက်ချောင်းမြို့နယ် သစ်တောဦးစီးဌာနမှအထက(သရက်ချောင်း) ၌ ယနေ့နံနက်ပိုင်းက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတ ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

**အသိပညာပေးဟောပြော**

အခမ်းအနားတွင် သရက်ချောင်းမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးဦးက ကျောင်းသား ကျောင်းသူများအား သစ်တောသစ်ပင် ပြုစုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ ရေချိုကို ချွေတာသုံးစွဲရန်နှင့် ရေသယံဇာတများ ရေရှည်တည်တံ့စေရန် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးနည်းလမ်းများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့် အချက်များကို အသိပညာပေး ဟောပြောသည်။

ထို့နောက် သရက်ချောင်းမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးဦးက ကျောင်းစာကြည့်တိုက် အတွက် သစ်တောဂျာနယ်များနှင့် ကျောင်းစိမ်းလန်းစိုပြည်ရေး အတွက် ရန်ပုံငွေပေးအပ်လှူဒါန်းရာအထက (သရက်ချောင်း)မှ ဆရာမတစ်ဦးက လက်ခံရယူပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှကျောင်းသားကျောင်းသူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

❐ စာမျက်နှာ ၆ မှ

၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလတွင် ယူဂိုဆလားဗီးယားကွန်မြူနစ်အဖွဲ့ချုပ် ပြိုကွဲလေသောအခါ ထိုနှစ်နှောင်းပိုင်းတွင်ကျင်းပသော ရွေးကောက်ပွဲများတွင် အမျိုးသားရေးပါတီများ နေရာရလာကြသည်။ ထိုအခါ သီးခြားခွဲထွက်ရေးတောင်းဆိုမှုဖြစ်ပေါ်လာ၍ ဆန္ဒခံယူပွဲများ ပြုလုပ်ခဲ့ကြရာ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ဆလိုဘင်းတို့က စတင်၍ ခွဲထွက်မည်ဟု ဆန္ဒပေးကြသည်။ ၁၉၉၁ ခုနှစ် ဇွန်လတွင် ခရိုအေးရှားကလည်း ခွဲထွက်မည်ဟု ဆန္ဒပေးကြပြန်သည်။ သို့နှင့် ၁၉၉၁ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ခရိုအေးရှားနှင့် ဆလိုဗီးနီးယားတို့က လွတ်လပ်ရေးကြေညာခဲ့ကြသည်။

**ပြည်တွင်းစစ်ထဖြစ်လာ**

မကြာမီ ခရိုအေးရှားတွင် ပြည်တွင်းစစ်ထဖြစ်လာတော့သည်။ ယူဂိုဆလပ်တပ်မတော်၏ထောက်ပံ့မှုရရှိသော ခရိုအေးရှားဆာ့ဘ်ပြည်သူ့စစ်များက တစ်ဖက်၊ အရေးပေါ် ခရိုအေးရှားလွတ်လပ်ရေးတပ်ကတစ်ဖက် တိုက်ခိုက်ကြရာ ကုလသမဂ္ဂက အထူးကိုယ်စားလှယ် စေလွှတ်၍ ကြားဝင်ဖျန်ဖြေခဲ့ရသည်။ ဥရောပအဖွဲ့ – EC (ယခု EU)က ယူဂိုဆလားဗီးယား ပြန်လည်စည်းလုံးညီညွတ်ရေးကို ကြိုးစားခဲ့သော်လည်း မအောင်မြင်သည့်အဆုံး ၁၉၉၂ ခုနှစ် ဇန်နဝါရီလတွင် ဆလိုဗီးနီးယားနှင့် ခရိုအေးရှားကို အသိအမှတ်ပြုလိုက်သည်။

ထိုအခါ မက်ဆီဒိုးနီးယားနှင့် ဘော့စနီးယားနှစ်နိုင်ငံစလုံးကလည်း ဆာ့ဘ်များကြီးစိုးနေသည့် လက်ကျန် ယူဂိုဆလားဗီးယား ပြည်ထောင်စုထဲတွင် မနေလိုတော့ဟုဆိုကာ လွတ်လပ်ရေးကြေညာရန် စိုင်းပြင်းခဲ့ကြပြန်သည်။ EC က အသိအမှတ်ပြုရန် ၁၉၉၁ ခုနှစ် နှစ်ကုန်ခါနီးတွင် လျှောက်ထားခဲ့ကြသည်။

၁၉၉၂ ခုနှစ် နွေဦးတွင် ယူဂိုဆလပ်နှင့် မက်ဆီဒိုးနီးယားတို့ ဆွေးနွေးညှိနှိုင်းမှု အောင်မြင်ခဲ့ပြီး ယူဂိုဆလပ်တပ်များ ငြိမ်းချမ်းစွာ ပြန်လည်ရုပ်သိမ်းပေးခဲ့၍ မက်ဆီဒိုးနီးယားသည် စစ်မဖြစ်ဘဲ လွတ်လပ်ရေးရသော ယူဂိုဆလားဗီးယား၏ အမွေခံနိုင်ငံတစ်ခု ဖြစ်ခဲ့လေသည်။

ဘော့စနီးယားတို့မှာမူ ကံမကောင်းခဲ့ချေ။ ၁၉၉၂ ခုနှစ် ဧပြီလတွင် ပြည်တွင်းစစ်ဖြစ်ခဲ့သည်။ စစ်ဖြစ်ချိန်မှာပင် အမေရိကန်နှင့် EC (ယခု EU) က ဘော့စနီးယားကို အသိအမှတ်ပြုခဲ့သည်။ ဘော့စနီးယားတွင် ဆာ့ဘ်၊ ခရိုအက်နှင့် ဘော့စနီးယားမူဆလင်တို့သည် လူမျိုးရေးကို ရှေ့တန်းတင်၍ အပြင်းအထန်တိုက်ခိုက်ကြရာ အပြစ်မဲ့ပြည်သူ အမြောက်အမြား သေကျေပျက်စီးခဲ့ကြရလေသည်။

တစ်ဖန် ဆားဘီးယားနိုင်ငံ၏ ပြည်နယ်အစိတ်အပိုင်းတစ်ခုဖြစ်သော ကိုဆိုဗိုပြည်နယ်ကလည်း သီးခြားလွတ်လပ်ခွင့်တောင်းဆိုရာမှ ၁၉၉၈ ခုနှစ်တွင် ကိုဆိုဗိုစစ်မီး ထပ်ဆင့်လောင်ကျွမ်းခဲ့လေရာ ယခုတစ်ကြိမ်တွင် အမေရိကန် ဦးဆောင်သော နေတိုးစစ်အုပ်စုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ခွင့်ပြုချက်မပါဘဲ ယူဂိုဆလားဗီးယားကို လေကြောင်းမှ အပြင်းအထန်တိုက်ခိုက်ခဲ့သည်။ နေတိုးစစ်အုပ်စုသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပနေစဉ်မှာပင် စစ်ရေးပစ်မှတ်များကို ပြင်ဆင်နေခဲ့ပြီး ဆွေးနွေးပွဲပျက်ပြားသွားပြီးနောက် ၁၉၉၉ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် လေကြောင်းမှ စတင်ကျူးကျော်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

တစ်ဖက်တွင်လည်း ဆားဘီးယားနှင့် မွန်တီနီဂရိုးတို့သည် ၁၉၉၂ ခုနှစ် ဧပြီလတွင် ယူဂိုဆလားဗီးယားဖက်ဒရယ်သမ္မတနိုင်ငံဟု ကြေညာခဲ့ရာ ထိုကြေညာချက်သည် ကျန်လေးနိုင်ငံ ခွဲထွက်သွားသည်ကို အသိအမှတ်ပြုလုပ်သည့်သဘောသက်ရောက်သွားလေသည်။ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလတွင်မူ ယူဂိုဆလားဗီးယားဖက်ဒရယ်သမ္မတနိုင်ငံကို ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံဟု အမည်ပြောင်းလိုက်သည်။

ဤသို့ဖြင့် ၇၅ နှစ်ကြာမျှ မာရှယ်တီတိုး တည်ဆောက်ခဲ့သော ယူဂိုဆလားဗီးယား ပြည်ထောင်စုသည် တီတိုးလွန်ပြီး ဆယ်စုနှစ်တစ်ခုမျှအကြာတွင် ဝါးအစည်းပြေသလို ဖရိုဖရဲပြိုကွဲသွားခဲ့ရလေသည်။

ယခင်က အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံများထဲတွင် စံပြတစ်နိုင်ငံအဖြစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ခဲ့သော နိုင်ငံတစ်နိုင်ငံသည် စစ်ပွဲကာလအတွင်း ထောင်းလမောင်းကြေမွ ပျက်စီးသွားခဲ့သည်။ စစ်ပွဲကာလအတွင်း အပြစ်မဲ့ပြည်သူများ သိန်းနှင့်ချီသေကျေပျက်စီးခဲ့ကြရသလို ကျန်ရှိသူများမှာလည်း စားရမဲ့၊ သောက်ရမဲ့ စစ်ဘေးဒုက္ခသည်များအဖြစ် အခြားနိုင်ငံများတွင် ခိုလှုံနေခဲ့ကြရသည်။ ယူဂိုဆလားဗီးယားနိုင်ငံ၏ သမိုင်းဖြစ်စဉ်များသည် ပြည်ထောင်စုနိုင်ငံများအတွက် သမိုင်းသင်ခန်းစာတစ်ရပ်ဖြစ်ပေသည်။

**သို့ဖြစ်ရကား ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားတိုင်းက ဥမကွဲသိုက်မပျက်၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ အေးအတူ ပူအမျှဟူသည့် ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ်ရှင်သန်ထက်မြက်စေရန် ကျင့်ကြံမွေးမြူကြရပါမည်။**

**နွားကွဲလျှင် ကျားဆွဲပေလိမ့်မည်။ ယခုမျက်မှောက်ကာလမှာပင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းအချို့ ကြီးစိုးနေသော ဒေသအချို့တွင် လက်နက်ကိုင်အချင်းချင်း သူတစ်လူ ငါတစ်မင်း နယ်မြေလုရင်း ပဋိပက္ခများ ဖြစ်ပေါ်နေသည်ကို သင်ခန်းစာအဖြစ် ကျွန်ုပ်တို့ ပြည်ထောင်စုသားအားလုံး ရှုမြင်သတိချပ်ကြရပေမည်။ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် ပြည်ထောင်စု၏ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ်ကိုသာ ဦးထိပ်ပန်ဆင်ကြရပေမည်။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲနေမှသာ ပြည်ထောင်စု၏အရိပ်ကို ကျွန်ုပ်တို့ သားစဉ်မြေးဆက် ငြိမ်းချမ်းပျော်ရွှင်စွာ ခိုလှုံနိုင်ကြမည်ဖြစ်ပါသည်။ ။**

**ကိုးကား – မောင်ဝံသ၏ "မာရှယ်တီတိုးနိုင်ငံရေးအတ္ထုပ္ပတ္တိ"**

# နေပြည်တော်၌ ရုရှားဘာသာစကား(အခြေခံ)သင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ရုရှားနိုင်ငံသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စဉ် ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ်၍ ရုရှားဘာသာစကား(အခြေခံ)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ရှိ ဟိုတယ်များမှ မန်နေဂျာများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းမှ နည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။






ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားဈေးကွက်ဝင်နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံမှ ရုရှားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် ၎င်းတို့နိုင်ငံ၏ ဘာသာစကားများဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရုရှားဘာသာစကား ဒီပလိုမာသင်တန်းများ၊ ရုရှားဘာသာစကား (အခြေခံ)သင်တန်းများနှင့် မွမ်းမံသင်တန်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ခရီးသွားကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ခြင်းဖြင့် ဒေသခံပြည်သူများနှင့် အခွင့်အရေးကိုလက်လှမ်းမမီသည့် လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်သို့ နိုင်ငံခြားသားခရီးသည်များနှင့် ရုရှားနိုင်ငံသားခရီးသည်များ လာရောက်မှုနှင့် ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းပို့ချပေးနေမှုကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါသင်တန်းသို့ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ ဝန်ထမ်းများတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းနှင့် အဆင့်မြင့်အရာထမ်းသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၁)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၆)တို့၏ သင်တန်းဖွင့်ပွဲကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ ကေတုမတီခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။






ဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က သင်တန်းသား သင်တန်းသူ အရာရှိကြီးများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ကို ထမ်းဆောင်ရန် အဓိက တာဝန်ရှိသူများဖြစ်၍ တစ်ဦးချင်းနှင့် ဝန်ထမ်း အဖွဲ့အစည်းအလိုက် ရှိရမည့် အရည်အချင်းများ ပြည့်မီရန် လိုအပ်ကြောင်း၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည် ဆိုသည့်အတိုင်း ပြည်တွင်း စီးပွားရေး၊ နိုင်ငံရေး ခိုင်မာမှုအင်အား၊ ကာကွယ်ရေးစွမ်းပကား ဟူသော "အား"သုံးအားကို ကြိုးစားတည်ဆောက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုကြီး တစ်ခုလုံး ဘက်စုံ၊ ထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းသား သင်တန်းသူ အရာရှိကြီးများ၏ စုပေါင်းအားဖြင့် ကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်၏ မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ရသည့် အရာရှိကြီးများကလည်း ပြည်သူလူထုအတွက် မြန်ဆန်တိကျသည့် ဝန်ဆောင်မှုပေးကြရန်၊ နိုင်ငံတော်အစိုးရက ချမှတ်ထားသည့်မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ပြီး မိမိတို့၏ စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုအရည်အသွေးများ အစဉ်တိုးတက်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားသည်။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၁)သို့ သင်တန်းသား ၁၄ ဦး၊ သင်တန်းသူ ခြောက်ဦး စုစုပေါင်း ၂၀ နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၆)သို့ သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ ၂၄ဦး စုစုပေါင်း ၄၂ဦး တက်ရောက်ကြပြီး သင်တန်းကို ယနေ့မှစ၍ မတ် ၂၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မန္တလေးတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ လမ်း ၈၀ နှင့် ၃၅ လမ်းထောင့်ရှိ ပညာရေးစီမံအုပ်ချုပ်မှုသင်တန်းကျောင်း(မန္တလေး)ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မန္တလေးအဝေးသင်တက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များနှင့်တွေ့ဆုံကာ အဝေးသင်ပညာရေးစနစ် မြှင့်တင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးမှာကြားပြီး မန္တလေးမြို့တွင် ဖွင့်လှစ်ထားရှိသော ပညာရေးဒီဂရီကောလိပ်များသို့ သွားရောက်၍ အဆိုပါ ကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် အတူ မန္တလေးတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် တွေ့ဆုံ၍ ကျောင်းတက်နှုန်းမြင့်မားရေး၊ သင်ကြားမှုအရည်အသွေးမြှင့်တင်ရေး နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်ရှိ ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းအရာများကို ဇန်နဝါရီ ၂၇ ရက်က အသံချဲ့စက်ယာဉ်ဖြင့် သတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်စဉ်။

ရဲဝင်းနိုင်(ညောင်ဦး)

# ရွှေပြည်သာမြို့နယ်၌ နွေစပါး မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းနှင့် ကွင်းသရုပ်ပြပွဲ ကျင်းပ

**ရွှေပြည်သာ ဇန်နဝါရီ ၂၇**

ရန်ကုန် တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ယနေ့နံနက်ပိုင်းက (GW 11)နွေစပါး မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းနှင့် ကွင်းသရုပ်ပြစိုက်ပျိုးပွဲကို အမှတ်(၂၂)ရပ်ကွက်(လိန်ကုန်းကျေးရွာ)ရှိ တောင်သူဦးမြင့်ဆွေ၏ ၁၀ ဧက စံပြကွက်၌ ကျင်းပသည်။



အဆိုပါစိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအေးလွင်က မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသိပညာပေးဆွေးနွေးပြီး တောင်သူများ၏ မေးမြန်း ဆွေးနွေးချက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူ ဦးမြင့်ဆွေ၏ လယ်မြေ ၁၀ ဧကပေါ်တွင် (GW 11)နွေစပါး မျိုးစေ့ချကိရိယာဖြင့် ကွင်းသရုပ်ပြစိုက်ပျိုးပြသကြသည်။ ရွှေပြည်သာမြို့နယ်အတွင်း နွေစပါးလျာထားစိုက်ဧက ၂၅၂ ဧကရှိပြီး မျိုးစေ့ချကိရိယာစနစ်ဖြင့် အောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မြိတ်ခရိုင်အတွင်းရှိ အားကစားကွင်း/အားကစားရုံများ လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၇**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြိတ်ခရိုင်အတွင်းရှိ အားကစားကွင်း/အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြိတ်ခရိုင်အားကစားခန်းမအား စစ်ဆေးပြီး လက်ဝှေ့သင်တန်း လေ့ကျင့်သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးကာ အားကစားသမားများ အသုံးပြုလျက်ရှိသည့် (အမျိုးသား/ အမျိုးသမီး) အဝတ်လဲခန်းအား ပြန်လည်ပြုပြင်ဆောင်ရွက်ရေးကို မှာကြားသည်။

ထို့နောက် (အမျိုးသား/အမျိုးသမီး) ကာယဗလအားကစားရုံ၊ ဝန်ထမ်းအိမ်ရာလိုင်းခန်း၊ မြိတ်ခရိုင်မြို့မအားကစားကွင်းနှင့် တင်းနစ်အားကစားကွင်းတို့ကိုလည်းကောင်း၊ အားကစားကွင်းအတွင်း ကျောင်းသား ကျောင်းသူများ၏ ပြေးခုန်ပစ်လေ့ကျင့်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက အများပြည်သူများ လွတ်လပ်စွာ လာရောက်လေ့ကျင့်ကစားနိုင်ရေး၊ ဝါသနာပါသည့် အားကစားသမားများကိုဖိတ်ခေါ်၍ စနစ်တကျလေ့ကျင့်သင်ကြားပေးနိုင်ရန်အတွက် လိုအပ်သည့်အားကစားပစ္စည်းများကို ပံ့ပိုးကူညီပေးရေး၊ အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် စိမ်းလန်းစိုပြည်စေရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။



ယင်းနောက် မြိတ်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှ ပံ့ပိုးအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ တိုင်းဒေသကြီးကိုယ်စားပြု လူငယ်မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အချင်းချင်းချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက် လုပ်ကိုင်သွားရန်လိုကြောင်း ပြောကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇန်နဝါရီ ၂၇**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာ ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ၊ အားကစားကွင်း၊ အားကစားရုံများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက် ပြည်နယ် ထွေ/အုပ် ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုနှင့် လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း အချောသပ်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ပင်စင်ဦးစီးဌာန၊ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံးအဆောက်အအုံများနှင့် အုတ်တံတိုင်းခြံစည်းရိုးများ ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားကွင်းသို့ ရောက်ရှိကာ နွေရာသီကျောင်းပိတ်ကာလများတွင် အားကစားသင်တန်းများ အချိန်မီ ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများနှင့် လူငယ်မောင်မယ်များ နေ့စဉ်အားကစားလေ့ကျင့်မှုများ ပြုလုပ်နိုင်ရေး ကြက်တောင်၊ ကရာတေး၊ တိုက်ကွမ်ဒို၊ ဖူဆယ်နှင့် GYM အားကစား လေ့ကျင့်ရုံများ ပြန်လည်ပြင်ဆင် ဆောင်ရွက်နေမှုများ၊ ထပ်မံပြင်ဆင်ဆောင်ရွက်သွားမည့် မီတာ ၄၀၀ Synthetic ပြေးလမ်းနှင့် ပြည်နယ်ရေကူးကန်တို့၏ အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (လွိုင်ကော်ဌာနခွဲ) ယဉ်ကျေးမှုပြတိုက်သို့ရောက်ရှိပြီး အကြမ်းဖက် သောင်းကျန်းသူများက ဖျက်ဆီးခြင်း၊ ယူဆောင်သွားခြင်းတို့ကြောင့် ပျောက်ဆုံးပျက်စီးခဲ့သည့် ပြတိုက်အဆောက်အအုံနှင့် ပြတိုက်ရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ပြန်လည်ပြင်ဆင် ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြတိုက်တာဝန်ခံက လုပ်ငန်းများ ဆောင်ရွက်နေမှုအား ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျွန်းစုမြို့နယ်၌ ကတန်ကျွန်းပတ်လမ်းပေါ်ရှိ တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျွန်းစု ဇန်နဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ပြည်သူများ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေးအတွက် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ကျွန်းစုမြို့နယ် ကတန်ကျွန်းပတ်လမ်းပေါ်ရှိ တည်ဆောက်ရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သံကူကွန်ကရစ်တံတား**
**တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး**

ကွင်းဆင်းရာတွင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက မြို့နယ်လမ်းဦးစီးဌာနမှ တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကတန်ကျွန်းပတ်လမ်းပေါ်ရှိ လုပ်ငန်းတင်ဒါဖြင့် ဆောင်ရွက်လျက်ရှိသည့် တီးပူကျေးရွာအတွင်း တီးပူတံတားချဉ်းကပ်လမ်း အရှည် ၅၅၈ ပေ၊ အကျယ် ပေ ၄၀၊ ကဘင်းချောင်းကျေးရွာနှင့် လဲဝါပြင်ကျေးရွာကြား ဆောင်ရွက်နေသည့် အရှည် ပေ ၁၀၅၀၊ အကျယ် ၁၈ ပေ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ဝါးချောင်းကျေးရွာနှင့် မိကျောင်းအော်ကျေးရွာကြား လင်းနို့ချောင်းတံတားချဉ်းကပ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအားလည်းကောင်း၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၃) က တာဝန်ယူဆောင်ရွက်နေသည့် ဝါးချောင်းကျေးရွာနှင့် လဲဝါပြင်ကျေးရွာကြားရှိ ဝါးချောင်းတံတား ပေ ၆၀ သံကူကွန်ကရစ်တံတား၊ ဝါးချောင်းကျေးရွာနှင့် မိကျောင်းအော်ကျေးရွာကြားရှိ ဖိုးပါဦးတံတား ပေ ၉၀ သံကူကွန်ကရစ်တံတား၊ မိကျောင်းအော်ကျေးရွာနှင့် တာရပိုင်းကျေးရွာကြားရှိ မိကျောင်းတက်တံတား ပေ ၆၀ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**





# စာရင်း၊ မြေပုံများကိုအခြေခံ၍ အချက်အလက်တည်ဆောက်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်း၊ မြေပုံများကို အခြေခံ၍ အချက်အလက်တည်ဆောက်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း (Geodatabase & Analysis) အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် မြေစာရင်းဦးစီးဌာန Data Center ၌ ကျင်းပသည်။

အခမ်းအနားတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွဋ်က ပြည်ထောင်စုနယ်မြေအတွင်း Digital Map တိုင်းတာရေးဆွဲထားသော မြေပုံများအား Geodatabase & Analysis စမ်းသပ်ဆောင်ရွက်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ စာရင်း၊ မြေပုံများကိုအခြေခံ၍ အချက်အလက်တည်ဆောက်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း(Geodatabase & Analysis) အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**

# စစ်တွေမြို့၌ တိုင်းရင်းသားလူငယ်များအတွက် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၂၇**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး တို့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင် ခန်းမ၌ကျင်းပသော ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်း ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် တိုင်းရင်းသား လူငယ်များအတွက် အခြေခံစက်ချုပ်သင်တန်း ဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက စက်ချုပ်ပညာရပ်ကို သင်ယူ တတ်မြောက်ခြင်းဖြင့် မိမိမိသားစုဝင်ငွေ တိုးမြှင့်လာ မည့်အပြင် မိမိဒေသနှင့် မိမိနိုင်ငံတော်အတွက်ပါ ဝင်ငွေတိုးပွားအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း နှင့် သင်တန်းသူများအနေဖြင့်လည်း ယခုသင်တန်းမှ စ၍ အနာဂတ်တွင် ပိုမိုထူးချွန်ထက်မြက်သော လူတော် လူကောင်းများဖြစ်လာအောင် ကြိုးစားဆောင်ရွက် သွားကြရန် သင်တန်းဆင်း အမှာစကားပြောကြား သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း က ပထမဆုရရှိသော သင်တန်းသူအား ဂုဏ်ပြု မှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုငွေနှင့် အပ်ချုပ်စက်တစ်လုံး ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက ဒုတိယဆုရရှိသော သင်တန်းသူအား ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တတိယဆုရရှိသော သင်တန်းသူအား ဂုဏ်ပြုမှတ်တမ်း လွှာနှင့် ဂုဏ်ပြုဆုငွေကိုလည်းကောင်း ပေးအပ် ချီးမြှင့်ကြသည်။ ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ဝင် များက နှစ်သိမ့်ဆုရရှိသော သင်တန်းသူများနှင့် သင်တန်းနည်းပြ ဆရာမများအား ဂုဏ်ပြုမှတ်တမ်း လွှာ၊ ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ပြီး သင်တန်းသူ များအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကြ သည်။




ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဆိုပါခန်းမ၌ နေပြည်တော်တွင် ကျင်းပမည့် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲတော် တွင် သွားရောက်ဖျော်ဖြေကြမည့် ရခိုင်ပြည်နယ် ကိုယ်စားပြု ယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ် ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ပြီး ခန်းမအတွင်း၌ အခြေခံစက်ချုပ် သင်တန်းမှ သင်တန်းသူများကိုယ်တိုင်ချုပ်လုပ်ထား သော အဝတ်အထည်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပုသိမ် ဇန်နဝါရီ ၂၇**

ပညာရေး ဝန်ကြီးဌာနနှင့် ရောဝတီတိုင်း ဒေသကြီးအစိုးရ အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် မြို့နယ် ၂၆ မြို့နယ် စဉ်ဆက် ပညာရေးလုပ်ငန်း တိုင်းဒေသကြီးအဆင့် နည်းပြ သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်း ရတနာတန်ဆောင် ခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီး စဉ်ဆက် ပညာရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက နိုင်ငံတော်မှ ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းများအရ တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် စာတတ်မြောက်မှုနှုန်းကို သန်းခေါင်စာရင်း ထုတ်ပြန်ချက် များတွင် ထုတ်ပြန်ထားပြီးဖြစ်ပါ ကြောင်း၊ စာမတတ်သူများကို နှစ်အလိုက် စာတတ်မြောက်ရေး လုပ်ငန်း သင်ကြားပေးခြင်းဖြင့် လျှော့ချနိုင်ရန်အတွက် ပညာရေး ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ စာတတ်မြောက်ရေးလုပ်ငန်းများ ကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ သင်တန်းမှပေးသည့် သင်ခန်းစာများကို ထိထိ ရောက်ရောက် သင်ယူသွားကြ၍ မိမိမြို့နယ်အတွက် အကျိုးရှိ အောင် ပြန်လည်လုပ်ဆောင်သွား ကြရန် တိုက်တွန်းမှာကြားလိုပါ ကြောင်း ပြောကြားပြီး သင်တန်း သားများအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ တိုင်းဒေသကြီး ပညာရေးမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော် များသည် “မနီတို့၏ရွာနှင့် သစ်တော” ဗီဒီယိုပြသမှုကို ကြည့်ရှုအားပေးသည်။ ရောဝတီ တိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ် စဉ်ဆက် ပညာရေးလုပ်ငန်းကို ၂၀၂၅ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ဧပြီ ၈ ရက်အထိ တစ်ရက်လျှင် ပျမ်းမျှ ၃ နာရီ နာရီပေါင်း ၁၈၀၊ ရက်ပေါင်း ၆၀ ကြာ စာသင်သား ၂၅၀၁၆ ဦးကို သင်ကြားပြသပေး မည် ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြဝတီမြို့၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**မြဝတီ ဇန်နဝါရီ ၂၇**

ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာမူလတန်း(လွန်)ကျောင်း မြေနီကုန်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာ ရည်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက အဆိုပါ ကျောင်းဝင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြဝတီမြို့နယ် ပညာရေးမှူး ဦးမိုးကျော်က စုံညီ ပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် လူ့ဘောင်အဖွဲ့အစည်း အခြေခံ အုတ်မြစ်ခိုင်မာတည်မြဲရေးအတွက် ပညာရေးကဏ္ဍမြှင့်တင်ပေးရန် လိုအပ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးနေဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တို့၌ ကာယ၊ ဉာဏပိုင်းတွင် ထူးချွန်သော ကျောင်းသား ကျောင်းသူများအား ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးကျော်ကျော်သန်း၊ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှူး ဦးရန်နိုင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အငြိမ်းစားကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော် များက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဇာဖြူဝင်း(မြဝတီ)**



# သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေး အသိပညာပေး ဟောပြော



**ရန်ကုန် ဇန်နဝါရီ ၂၇**

သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုး မြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပလူ ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် သန်လျင်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင့်နိုင်က မီးခိုးမြူငွေ့လျှော့ချရေး၊ ရေသယံဇာတထိန်းသိမ်းရေး နှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းသိမ်းရန်နှင့် Fire Hotspot များ လျှော့နည်း ကျဆင်းအောင် တောမီးရှို့ခြင်း၊ တောင်ယာမီးရှို့ခြင်းများ မပြုလုပ်ရန် နှင့် တောအုပ်ကြီး ဦးသက်ဉာဏ်ဦးက သစ်တောထိန်းသိမ်းရေး သစ်တော သစ်ပင်များထိန်းသိမ်းရေးဆိုင်ရာအကြောင်းများကို ဟောပြောဆွေးနွေး ခဲ့ကြောင်း သိရသည်။

**ကောင်းဆက်**

ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြို့နယ်မြေစာရင်းဦးစီး ဌာနရုံး၌ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိသူများအား ထပ်ဆင့် ဂုဏ်ပြုခြင်းနှင့် ဒသမအကြိမ်မြောက် အငြိမ်းစားဝန်ထမ်းများအား ဂါရဝပြုကန်တော့ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ကျင်းပစဉ်။

ဇေယျာ(မြောင်းမြ)



တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့

# ရေရှည်တည်တံ့သော မြန်မာ့ဝါဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ...

**နန်းအိအိခိုင်**

မြန်မာ့ဝါသည် သိသာထင်ရှားသော အလားအလာကောင်းများဖြစ်ကာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆောင်ရွက်နေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဝါသီးနှံစိုက်ပျိုးမှုသည် စိုက်ပျိုးမြေများ၏ မြေဆီသြဇာဆုတ်ယုတ်နေမှု၊ ရေရှားပါးမှုနှင့် ပိုးမွှားကျရောက်မှုအပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပါသည်။

ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေး၊ ဓာတုသွင်းအားစုများသာမက သဘာဝသွင်းအားစုများ တွဲဖက်အသုံးပြုခြင်းနှင့် ထိရောက်သော ဆည်မြောင်း၊ ရေသွင်းနည်းစနစ်ကဲ့သို့ ရေရှည်တည်တံ့နိုင်သော စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများကိုမြှင့်တင်ခြင်းဖြင့် စိန်ခေါ်မှုများကို လျော့ပါးသက်သာစေနိုင်မည် ဖြစ်ပါသည်။

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ခြင်းအပြင် တစ်ဖက်တွင် ဝါဂွမ်းမှ အဆင့်မီအထည်အလိပ်၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်များကို စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အထည်ချုပ်လုပ်ငန်းများဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းတို့ကို တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်သွားရမည်ဖြစ်ပြီး ယင်းလုပ်ငန်းများကို ဒေသအလိုက် ထူထောင်နိုင်ရေးနှင့် ရေရှည်ရှင်သန်နိုင်ရေး၊ ဈေးကွက် ယှဉ်ပြိုင်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးရန်နှင့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာရန် ဖိတ်ခေါ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

အရည်အသွေးမြင့် ချည်မျှင်ရှည်ဝါမျိုးများကို ဦးစားပေး စိုက်ပျိုးမှုမှသည် အဆင့်မီ အထည်အလိပ်ထုတ်လုပ်ခြင်းအထိ ဝါတန်ဖိုးကွင်းဆက်တစ်ခုလုံး တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းသည် ကမ္ဘာ့ဝါကဏ္ဍတွင် မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို အားကောင်းစေမည်ဖြစ်ပါသည်။ သွင်းကုန်မှီခိုမှုကို လျှော့ချရန်နှင့် ပြည်တွင်းအထည်အလိပ်လုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်ရည်ရွယ်၍ ဝါအထွက်နှုန်းနှင့် အရည်အသွေးမြှင့်တင်ရန် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိပြီး ရေရှည်တည်တံ့သော အလေ့အကျင့်များနှင့် နည်းပညာတိုးတက်မှုများကို လက်ခံကျင့်သုံးခြင်းဖြင့် ဝါဂွမ်းထုတ်လုပ်မှုတွင် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

ဝါသည် အသက်မွေးဝမ်းကျောင်းများကို ကုန်ပစ္စည်းတစ်ခုအဖြစ် ဆက်လက်တည်ရှိစေရန်၊ ပံ့ပိုးပေးသည့် အရေးကြီးသော စီးပွားရေးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် တည်တံ့ခိုင်မြဲစေရန်၊ ရာသီဥတုပြောင်းလဲမှု၊ ဈေးကွက်



မတည်ငြိမ်မှုအခြေအနေများတွင် ရေရှည်တည်တံ့သော ဝါဂွမ်းထုတ်လုပ်မှုဖြစ်စေရန် လယ်သမားများ၏ စွမ်းအားမြှင့်တင်ခြင်းနှင့်အတူ အားလုံးပါဝင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးပေးနိုင်ရန်နှင့် ဝါနှင့်ချည်ထည်ကဏ္ဍတွင် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်နိုင်သော တိုးတက်မှုများကို ပံ့ပိုးကူညီကြရန် ကမ္ဘာ့ဝါသီးနှံနေ့ကို နိုင်ငံအများအပြားတွင် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း မြန်မာ့ဝါသီးနှံကဏ္ဍ ဝါစိုက်ပျိုးထုတ်လုပ်မှုမှသည် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများအထိ ပါဝင်ပတ်သက်လုပ်ကိုင်နေသည့် ဝါသီးနှံတန်ဖိုး ကွင်းဆက်တစ်လျှောက်ရှိ ဝါစိုက်တောင်သူများမှသည် အထည်ချုပ်လုပ်သားများအထိကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ဝါသီးနှံနေ့တစ်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြုပေးသင့်ပါသည်။

**ဝါသီးနှံ၏အရေးပါမှု**

လူသားတို့တွင် စား၊ ဝတ်၊ နေရေး အရေးကြီးသုံးပါးရှိသည့်အနက် အဝတ်သည် ဒုတိယအရေးကြီးဆုံး ဖြစ်ပါသည်။ **“လူမှာအဝတ်၊ တောင်းမှာအကွပ်”** ဆိုသည့် မြန်မာစကားပုံတွင် လူတို့တွင် အဝတ်၏အရေးပါပုံကို ဆိုညွှန်းထားပါသည်။ ဝါသည် ကမ္ဘာ့အရေးကြီးဆုံး လယ်ယာထွက်ကုန်များအနက် တစ်ခုဖြစ်ပြီး နိုင်ငံများစွာ၏ စီးပွားရေးကို သိသိသာသာအထောက်အကူပြုပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝါသည် သန်းနှင့်ချီသော လူများအတွက် အဓိက ဝင်ငွေအရင်းအမြစ်ဖြစ်သည်။

ဝါကဏ္ဍသည် ကမ္ဘာတစ်ဝန်းရှိ လူဦးရေ သန်း ၁၀၀ ကျော်ကို ပံ့ပိုးပေးပါသည်။ အိန္ဒိယ၊ တရုတ်၊ အမေရိကန်နှင့် အာဖရိကနိုင်ငံများစွာတို့ကဲ့သို့ နိုင်ငံများတွင် ဝါဂွမ်းသည် အဓိကပို့ကုန်တစ်ခုဖြစ်ပြီး ကြီးမားသောဝင်ငွေကို ရရှိစေပါသည်။ အိန္ဒိယတွင် ဝါဂွမ်းလုပ်ငန်းသည် လယ်သမား ခြောက်သန်းကျော်နှင့် စက်မှုလုပ်ငန်းများတွင် လူသန်းပေါင်းများစွာကို အလုပ်အကိုင် အခွင့်အလမ်းများ ပံ့ပိုးပေးလျက်ရှိသည်။

ဝါဂွမ်းစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခူးဆွတ်ခြင်းမှစ၍ ဝါကုန်ချောလုပ်ငန်းစဉ်များဖြစ်သည့် ချည်ထုတ်လုပ်ခြင်း၊ အထည်အလိပ်ရက်လုပ်ခြင်း စသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် အမျိုးသမီးအများအပြား ပါဝင်လုပ်ကိုင်နိုင်ပါသည်။ ဝါတန်ဖိုးကွင်းဆက်တွင် ပါဝင်ခြင်းဖြင့် အမျိုးသမီးများသည် ကိုယ်ပိုင်ဝင်ငွေ ရရှိကြပြီး ၎င်းတို့၏ မိသားစုနှင့် လူမှုအသိုင်းအဝိုင်းများ၏ သာယာဝပြောရေးကို အထောက်အကူပြုပါသည်။

**ဝါသီးနှံ၏အသုံးဝင်မှု**

ဝါသည် ကမ္ဘာမြေကြီးကပေးသည့် စွယ်စုံရသီးနှံများအနက် တစ်ခုဖြစ်ပါသည်။ လူတို့၏ အသက်ရှင်နေထိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် စား၊ ဝတ်၊ နေရေး သုံးချက်တွင် ဝါသီးနှံက ယင်းအခြေခံလိုအပ်ချက် သုံးချက်လုံးကို ဖြည့်တင်းပေးနိုင်ပါသည်။ ဝါသီးနှံမှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဝါဂွမ်း၊ ဝါစေ့၊ ဝါစေ့ဆီနှင့် ဆီကြိတ်ဖတ်များ ထုတ်လုပ်နိုင်သည်။ ရင့်မှည့်သော ဝါသီး(ဝါပေါက်)မှ ဝါစေ့နှင့် ဝါဂွမ်းကို ခွဲခြားထုတ်ယူရပါသည်။

ဝါဂွမ်းသည် မျက်နှာသုတ်ပဝါ၊ အိပ်ရာနှင့် အခြားအထည်အလိပ်များ အပါအဝင် ထုတ်ကုန်အမျိုးမျိုးပြုလုပ်ရန် အသုံးပြုသည့် သဘာဝအမျှင်တစ်မျိုးဖြစ်သည်။ တာယာ၊ ဆန်ခါများနှင့် စက္ကူကဲ့သို့သော စက်မှုထုတ်ကုန်များစွာတွင်လည်း အသုံးပြုသည်။ ဝါဂွမ်း၏ ၈၀ ရာခိုင်နှုန်းခန့်ကို အဝတ်အထည်များတွင် အသုံးပြုကြပါသည်။ အိမ်တွင်းအလှဆင်ပစ္စည်းများတွင် ၁၅ ရာခိုင်နှုန်းကို အသုံးပြုကြပြီး ကျန် ငါးရာခိုင်နှုန်းမှာ စစ်ထုတ်ခြင်းနှင့် စုပ်ယူခြင်းကဲ့သို့သော အသုံးအဆောင်များအတွက် အများဆုံး အသုံးပြုကြသည်။ မိုးပြာရောင်ဂျင်း၊ ကော်ဖဇောနှင့် ကြမ်းခင်းအထည်များကဲ့သို့ လူအများ နှစ်သက်သောအထည်များကို ဝါချည်ဖြင့်ပြုလုပ်သည်။

ဝါစေ့တွင် မျိုးစိတ်နှင့် အရည်အသွေးအပေါ်မူတည်၍ ဆီ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ပါဝင်ပါသည်။ ဆီတွင် မပြည့်ဝဆီ ၇၀ ရာခိုင်နှုန်းခန့်ပါဝင်ပါသည်။ သန့်စင်ထားသော ဝါစေ့ဆီသည် အရသာရှိပြီး ရွှေရောင်ရှိသည်။ ပရိတင်းဓာတ်ကြွယ်ဝပြီး လူစားသုံးရန် (သို့မဟုတ်) တိရစ္ဆာန်အစာအတွက် အသုံးပြုသည်။ ဝါစေ့ကို ပြန်လည်စိုက်ပျိုးရန် မျိုးအဖြစ်လည်းကောင်း၊ ဆီကြိတ်၍ ဆပ်ပြာ၊ ဖယောင်းတိုင်၊ အလှကုန်များကဲ့သို့သော ဆီအခြေခံထုတ်ကုန်များစွာပြုလုပ်ရန် စက်မှုကုန်ကြမ်းသုံးဆီအဖြစ် လည်းကောင်း၊ ဝါစေ့ဆီကြိတ်ဖတ်များကို တိရစ္ဆာန်အစာအဖြစ်လည်းကောင်း အသုံးပြုကြသည်။

> **အရည်အသွေးမြင့် ချည်မျှင်ရှည်ဝါမျိုးများကို ဦးစားပေး စိုက်ပျိုးမှုမှသည် အဆင့်မီအထည်အလိပ်ထုတ်လုပ်ခြင်းအထိ ဝါတန်ဖိုးကွင်းဆက်တစ်ခုလုံး တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းသည် ကမ္ဘာ့ဝါကဏ္ဍတွင် မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို အားကောင်းစေမည်ဖြစ်ပါသည်။ သွင်းကုန်မှီခိုမှုကို လျှော့ချရန်နှင့် ပြည်တွင်းအထည်အလိပ်လုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်ရည်ရွယ်၍ ဝါအထွက်နှုန်းနှင့် အရည်အသွေးမြှင့်တင်ရန် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိပြီး ရေရှည်တည်တံ့သော အလေ့အကျင့်များနှင့် နည်းပညာတိုးတက်မှုများကို လက်ခံကျင့်သုံးခြင်းဖြင့် ဝါဂွမ်းထုတ်လုပ်မှုတွင် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်**

၁၉၅၀ ပြည့်နှစ်များက အထည်ရက်လုပ်ရာတွင် ဝါဂွမ်းကို ၈၄ ရာခိုင်နှုန်း၊ သိုးမွေး ၁၂ ရာခိုင်နှုန်းနှင့် လျှော်လေးရာခိုင်နှုန်းသုံးစွဲခဲ့ရာမှ ၁၉၄၀ ပြည့်နှစ်တွင် ချည်မျှင်တု ရေယွန်နှင့် နိုင်လွန်တို့ တီထွင်လာသောကြောင့် ၁၉၇၀ ပြည့်နှစ်အလွန်တွင် ဝါဂွမ်းချည်သုံးစွဲမှု လျော့ကျသွားခဲ့သည်။ ၂၀၁၀ ပြည့်နှစ်များ၌ အထည်အလိပ်များတွင် ဝါဂွမ်း ၃၇ ရာခိုင်နှုန်းခန့်သုံးစွဲကြောင်း သိရှိရပါသည်။ ဝါဂွမ်းချည်၏ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် ဂုဏ်သတ္တိများက ဖွံ့ဖြိုးပြီးနိုင်ငံများရှိ လူအများကို ဆွဲဆောင်နိုင်သောကြောင့် ဝါဂွမ်းချည်သုံးစွဲမှု ပြန်လည်မြင့်တက်လာခဲ့ပါသည်။

ပြည်တွင်းမှထွက်ရှိသော ဝါများကို ဝါကြိတ်စက်ရုံများတွင် ကြိတ်ခွဲခြင်း၊ ချည်မျှင်စက်ရုံများမှ အဆင့်မီချည်ထုတ်လုပ်ခြင်း၊ အထည်အလိပ်စက်ရုံများမှ အဆင့်မီချည်ထုတ်လုပ်ခြင်းနှင့် ပိတ်များထုတ်လုပ်ခြင်း၊ အထည်ချုပ်စက်ရုံများမှ အဝတ်အထည်များ ထုတ်လုပ်ခြင်းတို့ဖြင့် ဝါလုပ်ငန်းကဏ္ဍ တိုးတက်လာရေးဆောင်ရွက်နိုင်သည်။ ထို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပန်းတိုင်ဝါစိုက်ဧကရောက်ရှိရေး၊ ပြည်တွင်းချည်သုံးစွဲမှုဖူလုံရေး၊ ပိုလျှံဝါဂွမ်းများမှ ပို့ကုန်ဝင်ငွေရရှိရေး၊ ဝါစေ့ဆီသန့်များဖြင့် ပြည်ပစားအုန်းဆီတင်သွင်းမှု အစားထိုးလျှော့ချရေးစသည့် ကွင်းဆက်တစ်လျှောက်လုံး အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

စက်မှုကုန်ကြမ်းသီးနှံ ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် ချည်ထည်အဆင့်မီထုတ်လုပ်နိုင်မှု လုပ်ငန်းကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးမှုရရှိလာပါက ဒေသအတွင်း ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာလည်း ပေါ်ပေါက်လာမည်ဖြစ်သည်။ ထို့ကြောင့် ဝါစိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ အားလုံး ပူးပေါင်းပါဝင်ကာ ဝါတစ်ခေတ်ဆန်းသစ်စေခြင်းဖြင့် နိုင်ငံ့စီးပွား၊ ဒေသစီးပွား တိုးတက်မှုရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့ ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံ ရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့သည် ဖျာပုံခရိုင် ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာ ဆုတောင်းပြည့် အဏ္ဏဝါဦးစေတီတော်မြတ်တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၅၅၂ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၁ ဦး၊ ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၁ ဦး၊ ကလေးရောဂါ ၅၀၊ အရိုးရောဂါ ၁၄၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၁၄၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၁ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ တစ်ဦး၊ ခတ်မှန်ရိုက်လူနာ ၁၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၀ တို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုယခုကဲ့သို့ကြားသိခဲ့ရပါသည်။







သမီးလုပ်သူကတော့ အမေ ဆေးခန်းသွားပြပါ။ ကိုယ်သွားပြလို့ရှိရင် လက်ထဲမှာ ပိုက်ဆံကတစ်ပြားမှ မရှိဘူးလေ။ မရှိတဲ့အတွက်ကြောင့် ကျွန်မလည်း သွားမပြဘဲနဲ့ ဝေဒနာကိုပဲ ခံစားရပါတယ်။ အခုလို ဆရာတို့ သင်္ဘောလာတဲ့အတွက် ကြားကြားချင်းပဲ အလွန်ကိုဝမ်းသာရပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ မျက်စိခွဲပြီးတော့ မြင်ရတာလည်း ကြည်လင်သွားတဲ့အတွက် အင်မတန် ဝမ်းသာပါတယ်။ အိပ်ရာဝင်တိုင်း ဝင်တိုင်းမှာ ဆေးကုသပေးတဲ့ ဆရာတွေအကုန်လုံးကို ဆုတောင်းပေးပါတယ်။ ကျန်းမာပါစေ ချမ်းသာပါစေ။

ကျွန်တော်က ဂေါက်ရောဂါဖြစ်တာပါ။ အရိုးအဆစ်တွေမှာ ဘုတွေ ထွက်တာပါ အဲ့တာကို လာခွဲတာပါ။ မတည့်တဲ့ အစားအစာတွေ ရှောင်ပေးပါတဲ့။ ကျွန်တော်တို့ ကျေးရွာမှာလည်း တိုက်နယ် ဆေးရုံရှိတယ်။ ကျွန်တော် ခွဲမလို့ပါပဲ။ ဆရာဝန်က ပြောင်းသွားလို့ ကျွန်တော် မခွဲရတော့ဘူး။ အခုလို ကျွန်တော် ရန်ကုန်ကို သွားခွဲရမှာဆိုတော့ ကိုယ်သွားချင်တဲ့အချိန် သွားလို့ မရဘူး။ အဖော်တစ်ယောက်ပါမှလေ ကျွန်တော့်မှာက နောက်က လိုက်ပေးမယ့်သူ မရှိဘူး။ အခုလို နယ်လှည့် ဆေးလာကုသပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ခွဲစိတ်ပေးတဲ့အတွက်လည်း အထူးပဲ ဝမ်းသာပီတိဖြစ်ပါတယ်။ ပါရဂူတွေ စုံလင်စွာပါတဲ့အတွက် အများပြည်သူတွေလည်း ဆေးကုသခွင့်ရလို့ သူတို့ကိုယ်စား ဝမ်းသာပီတိဖြစ်မိပါတယ်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်မှဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းရှိ ဓမ္မိကာရာမတပ်ဦးကျောင်း ဆလုံဘိုးဘွားရိပ်သာ၌ အခြေပြု၍ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၉၈ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၃၃ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါငါးဦး၊ကလေးရောဂါငါးဦး၊ အရိုးရောဂါ ရှစ်ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါငါးဦး၊ မျက်စိရောဂါ ၁၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် ဓာတ်မှန်ရိုက်လူနာရှစ်ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ကိုးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ လေးဦးတို့ကို ရောဂါရှာဖွေ စမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာနှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော် ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်။





ရောဂါတစ်ခုခုဖြစ်ပြီ ဆိုလို့ရှိရင် သွားရလာရတာ အဆင်မပြေပါဘူးရှင့်။ လှေဆိုတာလည်း ရှိမှသွားရတယ်၊ လှေတောင်မှပဲ အခက်အခဲရှိပါတယ်။ ဒါပေမဲ့ အခုလိုမျိုး လာပြီးကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်။ သမီးတို့အတွက်ကတော့ ပျော်လည်းပျော်ပါတယ်၊ ပီတိလည်း ဖြစ်ပါတယ်။ အခက်အခဲတွေကြားထဲမှာ အခုလိုမျိုးလာပြီး ကုသပေးတဲ့အတွက် အလွန်ကိုပဲ ကျေးဇူးတင်ပါတယ်။

ကလေးရဲ့ အနေအထား မှန်တယ်လို့လည်း ပြောပါတယ်။ ဒီမှာပြရတာလည်း အဆင်ပြေပါတယ်။ သမီးတို့အနေနဲ့ ကော့သောင်း တစ်ခါတက်ဖို့ အရေးကလည်း မလွယ်ပါဘူး။ အခုလို ဆေးသင်္ဘော လာရောက်ကုသပေးတဲ့အတွက် သမီးတို့ အနေနဲ့ အကုန်လုံးအဆင်ပြေသွားပါတယ်။ OG ဆရာမကတော်တော် စိတ်ရှည်ပါတယ်။ ကလေး အနေအထားတွေ အကုန်လုံး ရှင်းပြပါတယ်။ နှစ်တိုင်းလည်း လာနိုင်ပါစေလို့ ဆုတောင်းပါတယ်။

**သတင်းစဉ်**

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**

# အမေရိကန်နိုင်ငံမှ ပြန်လည်စေလွှတ်မည့် ရွှေ့ပြောင်းအခြေချသူ ကိုလံဘီယာနိုင်ငံသားများအား ပြန်လည်လက်ခံမည်

ဘိုဂိုတာ ဇန်နဝါရီ ၂၇

ကိုလံဘီယာနိုင်ငံနှင့် အမေရိကန်နိုင်ငံမှ တာဝန်ရှိသူများအကြား စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပြီးနောက် ကိုလံဘီယာနိုင်ငံက အမေရိကန်နိုင်ငံမှ ပြန်လည်စေလွှတ်မည့် ရွှေ့ပြောင်း အခြေချသူ ကိုလံဘီယာနိုင်ငံသားများအား နိုင်ငံ အတွင်း ပြန်လည်လက်ခံမည်ဟု သဘောတူခဲ့ ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

အပြန်အလှန်အနေဖြင့် အမေရိကန်နိုင်ငံက လည်း ကိုလံဘီယာနိုင်ငံအပေါ် အခွန်စည်းကြပ် ရန်နှင့် ပိတ်ဆို့အရေးယူရန် ကိစ္စရပ်များကို ဆိုင်းငံ့ မည်ဖြစ်သည်။

အမေရိကန်သမ္မတထရမ့်က ကိုလံဘီယာမှ အမေရိကန်နိုင်ငံသို့ရောက်ရှိလာသည့် ရွှေ့ပြောင်း အခြေချသူ ကိုလံဘီယာနိုင်ငံသားများအား စစ်လေယာဉ်များဖြင့် နေရင်းနိုင်ငံသို့ ပြန်ပို့ခဲ့ရာတွင် ကိုလံဘီယာနိုင်ငံက လက်မခံသဖြင့် နှစ်နိုင်ငံအကြား တင်းမာမှုများဖြစ်ပွားခဲ့ပြီး ကုန်သွယ်ခွန်များအပြန် အလှန် တိုးမြှင့်ကောက်ခံရေးဆောင်ရွက်ခဲ့သည်။

မကြာမီကာလတွင် ကိုလံဘီယာ နိုင်ငံခြားရေး ဝန်ကြီး လူးဝစ်ဂီဗာတိုမူရီလိုနှင့် တာဝန်ရှိသူများသည် အမေရိကန်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ နေရပ်ပြန်မည့် ကိုလံဘီယာနိုင်ငံသားများအား သမ္မတ၏လေယာဉ်ဖြင့် သွားရောက်ခေါ်ဆောင်မည် ဟု သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ



# ဘယ်လာရုစ်နိုင်ငံ သမ္မတ အလက်ဇန္ဒားလူကာရှန်ကို ရွေးကောက်ပွဲတွင်အနိုင်ရရှိ

မင့်စ် ဇန်နဝါရီ ၂၇

ဘယ်လာရုစ်နိုင်ငံသမ္မတ အလက်ဇန္ဒားလူကာရှန်ကိုသည် ဘယ်လာရုစ်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြောင်း ဗဟိုရွေးကောက်ပွဲကော်မရှင်က ယနေ့အစောပိုင်းတွင် ထုတ်ပြန်သည့် ပဏာမရလဒ်များအရ သိရသည်။



ဗဟိုရွေးကောက်ပွဲကော်မရှင်၏ ပဏာမအချက်အလက်များအရ လူကာရှန်ကိုသည် ဆန္ဒမဲ၏ ၈၆ ဒသမ ၈၂ ရာခိုင်နှုန်းရရှိခဲ့ပြီး ဆာဂေးဆရန်ကော့၊ အိုလက်ဂ်ဒူကီဗက်၊ အနန်ကာ နိုပတ်ကြာယာနှင့် အလက်ဇန္ဒား ကီဇန်ယက်တို့က ဆန္ဒမဲစုစုပေါင်း၏ ၃ ဒသမ ၂၁ ရာခိုင်နှုန်း၊ ၂ ဒသမ ၀၂ ရာခိုင်နှုန်း၊ ၁ ဒသမ ၈၆ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၇၄ ရာခိုင်နှုန်း အသီးသီးရရှိခဲ့သည်။

**အနိုင်ရရှိ**

ဘယ်လာရုစ်နိုင်ငံ ဥပဒေအရ ဆန္ဒမဲစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း ကျော် ရရှိထားသည့် ကိုယ်စားလှယ်လောင်းသည် သမ္မတရွေးကောက် ပွဲတွင် အနိုင်ရရှိသူဖြစ်သည်။

ဘယ်လာရုစ်နိုင်ငံ သမ္မတရာထူးကို တိုက်ရိုက်မဲဖြင့် ရွေးကောက် တင်မြှောက်ပြီး ရာထူးသက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ ဘယ်လာရုစ် ရွေးကောက်ပွဲကော်မရှင်သည် ဖေဖော်ဝါရီ ၅ ရက်ထက် နောက်မကျဘဲ နောက်ဆုံးမဲရလဒ်များကို ကြေညာမည်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# ဂါဇာကမ်းမြောင်ဒေသသို့ ပါလက်စတိုင်းဒေသခံများပြန်လည်ဝင်ရောက်

ဂျေရုဆလင် ဇန်နဝါရီ ၂၇

ဂါဇာကမ်းမြောင်ဒေသ၏ မြို့တော် ဂါဇာစီးတီးနှင့် ဂါဇာဒေသ မြောက်ပိုင်းရှိ နေရပ်များသို့ ပါလက်စတိုင်းဒေသခံသောင်းဂဏန်း အထိ ပြန်လည်ဝင်ရောက်လာနေကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယခုကဲ့သို့ ပါလက်စတိုင်းဒေသခံများ ဂါဇာဒေသသို့ ပြန်လည် ဝင်ရောက်လာခြင်းသည် အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့အကြား ရရှိခဲ့သည့် သဘောတူညီချက်အရ ဟားမတ်စ်အဖွဲ့က ဓားစာခံများပြန်လွှတ်ပေး ခဲ့ပြီးနောက် ဂါဇာဒေသရှိ ဒေသခံများအား နေရပ်သို့ ပြန်လာခွင့်ပြု ကြောင်း သဘောတူညီခဲ့သည့်အတွက် ဂါဇာဒေသခံများနေရပ်သို့ ပြန်လာခြင်းဖြစ်သည်။

အစ္စရေးနှင့်ဟားမတ်စ်အဖွဲ့အကြား ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ပြီးသည့် လက်ရှိအချိန်တွင်ဟားမတ်စ်အဖွဲ့က ဓားစာခံများ ထပ်မံလွှတ်ပေးမည်ဟု သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ

# လက်ဘနွန်နိုင်ငံတောင်ပိုင်းသို့ ပြန်လာသည့်ဒေသခံများအား အစ္စရေးတပ်မတော်က တိုက်ခိုက်

ဘေရွတ် ဇန်နဝါရီ ၂၇

လက်ဘနွန်နိုင်ငံတောင်ပိုင်းသို့ ပြန်လာသည့် လက်ဘနွန်ဒေသခံများအား အစ္စရေးတပ်မတော်က တိုက်ခိုက်ခဲ့ရာ အမျိုးသမီးခြောက်ဦးအပါအဝင် ဒေသခံ ၂၂ဦးသေဆုံးပြီး ၁၂၄ ဦး ထိခိုက်ဒဏ်ရာရရှိ ခဲ့ကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင်ပြောကြားသည်။

ဒဏ်ရာရရှိသူများထဲတွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဆေးဝန်ထမ်းတစ်ဦး ပါဝင် ကြောင်း အဆိုပါဝန်ကြီးဌာနက ထပ်လောင်း ပြောကြားသည်။

လက်ဘနွန်နိုင်ငံ မယာအယ်လ်ဂျဗားကျေးရွာ တွင် စုဝေးနေသည့် အရပ်သားများအား အစ္စရေး တပ်မတော်က တင့်ကားများ၊ မြေတူးစက်များ ပါဝင်သည့် တပ်ဖွဲ့များနှင့် တိုက်ခိုက်ခဲ့ကြောင်း သိရ သည်။ လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ နကာယာဒေသ ရှိ ကုလသမဂ္ဂယာယီတပ်ဖွဲ့ဌာနချုပ် အဝင်လမ်း ကိုလည်း အစ္စရေးတပ်မတော်က ပိတ်ထားခဲ့ပြီး ပစ်ခတ်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဇန်နဝါရီ ၂၆ ရက်သည် အစ္စရေးတပ်မတော် တပ်ဖွဲ့ များ လက်ဘနွန်နိုင်ငံနယ်နိမိတ်မှ ထွက်ခွာရမည့် နောက်ဆုံးရက်ဖြစ်သည်။

ယမန်နှစ် နိုဝင်ဘာလအတွင်းက အစ္စရေးနှင့် လက်ဘနွန်ဟဇ်ဘိုလာအဖွဲ့တို့အကြား အပစ်အခတ် ရပ်စဲရေးသဘောတူညီချက် ရရှိခဲ့သော်လည်း




အစ္စရေးတပ်မတော်က လက်ဘနွန်နိုင်ငံအတွင်း တိုက်ခိုက်မှုများ ထပ်မံဆောင်ရွက်သောကြောင့် ထိခိုက်သေဆုံးမှုများရှိခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ပါကစ္စတန်နိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောစွမ်းအင်နေ့ ကျင်းပ



အစ္စလာမာဘတ် ဇန်နဝါရီ ၂၇

ပါကစ္စတန်နိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောစွမ်းအင်နေ့ ကို ယမန်နေ့တွင် ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

နိုင်ငံအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ် စွမ်းအင်သုံးစွဲမှုမြှင့်တင်ရေးတို့အတွက်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောစွမ်းအင်နေ့ကို ကျင်းပခဲ့ခြင်းဖြစ် သည်။

၂၀၃၀ပြည့်နှစ်အရောက်တွင် နိုင်ငံအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၅၀ရာခိုင်နှုန်းအထိလျှော့ချရန် ရည်ရွယ်ထားကြောင်း ပါကစ္စတန်နိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီး အဝပ်အာမက်ခန်းက ပြောကြားသည်။ ပါကစ္စတန်နိုင်ငံ၌ လက်ရှိအချိန်တွင် ပြန်လည်ပြည့်ဖြိုး မြဲစွမ်းအင်သုံးစွဲမှုမြှင့်တင်ရေးကို ကြပ်မတ်ဆောင်ရွက်နေပြီး လျှပ်စစ် စွမ်းအင်သုံးစွဲသူများအား စဉ်ဆက်မပြတ်လျှပ်စစ်ဓာတ်အား ထုတ်လွှတ် ပေးနိုင်ရန် ဆောင်ရွက်နေကြောင်းနှင့် ၎င်းလုပ်ငန်းများဆောင်ရွက်ရာ တွင် နည်းပညာမြင့်မားသည့်နိုင်ငံများ၏ အကူအညီကို ရယူဆောင်ရွက် မည်ဟု ၎င်းက ပြောကြားသည်။ ၂၀၃၀ပြည့်နှစ်အရောက်တွင် နိုင်ငံ အတွင်း လက်ရှိသုံးစွဲနေသည့် ရုပ်ကြွင်းလောင်စာသုံးယာဉ်များ၏ ၃၀ရာခိုင်နှုန်းကို လျှပ်စစ်ယာဉ်များအဖြစ် ပြောင်းလဲသုံးစွဲရာတွင် လည်း ၎င်းနိုင်ငံများ၏ နည်းပညာအကူအအညီကို ရယူမည်ဟု သိရ သည်။

နိုင်ငံအတွင်းရှိ လျှပ်စစ်ယာဉ်အားသွင်းရုံများ၏ ဓာတ်အားခ ကိုလည်း ယခုလအတွင်းလျှော့ချပေးခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၃ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေး စခန်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၃၆၃၀၀၀) ကိုလည်းကောင်း၊ သီလဝါ ဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၆၁၇၁၄၀)ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၁၉၈၀၁၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဇန်နဝါရီ ၂၄ ရက်တွင် နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင်၊ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၆၇၂ တန်၊ သစ်မာ သုည ဒသမ ၅၀၁ တန်၊ အခြားသစ် ၈ ဒသမ ၂၈၀ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၉၇၅၁၉၂ ကျပ်ကို သိမ်းဆည်းရမိ ခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကျုံစု ကျေးရွာ မွေးမြူရေးဇုန်ရှိ အမှတ်(၇၄/က)သိုလှောင်ရုံ၌ ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိ သည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်း တန်ဖိုးငွေ၈၂၀၇၈၄၆၆ကျပ်)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၁၂၀၇၈၄၆၆ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့အပြင် ဇန်နဝါရီ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၆ ဒသမ ၈၆၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၃၇၆၈၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပြည်ခရိုင် ပြည်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၅၃၇၆၈၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၃ ရက်၊ ၂၄ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်း ရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေ ၅၅၇၅၇၁၄၇၈ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်း များမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကျဉ်းထောင်အာဏာပိုင်များက လုံလောက်ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးထားနိုင်ခြင်းမရှိကြောင်း မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၇**

မန္တလေးမြို့ အိုးဘိုအကျဉ်းထောင်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသော်လည်း အကျဉ်းထောင် အာဏာပိုင်များက လုံလောက် ကောင်းမွန်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပေးထားနိုင်ခြင်းမရှိဘဲ ထောင်တွင်း ကျွေးမွေးသည့် ပဲဟင်းနှင့် ထမင်းသည် ယခုနှစ် ဇန်နဝါရီ ဒုတိယအပတ်မှစ၍ မာသည့်အခါမာ၊ ပျော့သည့်အခါပျော့ နေသဖြင့် အစာအိမ်ရောဂါအခံရှိသူများ ဗိုက်အောင့်ဝေဒနာခံစားနေကြရပြီး ထမင်းစားရသည်မှာ အဆင်မပြေ ဖြစ်နေသည်ကို တင်ပြသော်လည်း အကျဉ်းထောင်ဘက်က တင်ပြပြောဆိုချက်များကို လက်မခံကြောင်း Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန်လုပ်ကြံ သတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မန္တလေး ဗဟိုအကျဉ်းထောင်တွင် ယခုနှစ် ဇန်နဝါရီလအတွင်း ဝမ်းဗိုက်ရောဂါနှင့်ပတ်သက်၍ အကျဉ်းထောင် ဆေးရုံ ပြင်ပလူနာဌာနသို့ လာရောက်ပြသသူ အကျဉ်းသား သုံးဦး၊ အကျဉ်းသူတစ်ဦးသာရှိပြီး မှတ်တမ်းများအရ ပြီးခဲ့သည့်လများက ဝမ်းဗိုက်ရောဂါနှင့် ဆေးရုံပြသသူ ပျမ်းမျှခုနစ်ဦးခန့်သာ ရှိကြောင်း၊ ဇန်နဝါရီ ၂၃ ရက်အထိ ဝမ်းပျက်ဝမ်းလျှော ရောဂါနှင့် ပတ်သက်၍ ဆေးဝါးကုသပေးရသည့် အကျဉ်းသား အကျဉ်းသူ တစ်ဦးမျှမရှိကြောင်း အကျဉ်းထောင် တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

ထို့ပြင် မန္တလေး ဗဟိုအကျဉ်းထောင်၌ ချက်ပြုတ်ပြီးသော ထမင်း၊ ဟင်းလျာများကို အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများထံသို့ မကျွေးမွေးမီ တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးပြီး အိပ်ဆောင်များသို့ အဖုံးပါသော စတီးအိုးများဖြင့် ဖြန့်ဝေပေးကြောင်း၊ ထမင်းနှင့်ဟင်းများ သန့်ရှင်းလတ်ဆတ်မှု ရှိစေရေး၊ ခြင်/ယင် ပိုးမွှားများ မနားစေရေး တို့ကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အကယ်၍ စားသောက်မှု အဆင်မပြေမှုရှိပါက သတင်းပို့ခွင့်ရှိပြီး သတင်းပို့လာပါကလည်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကာ ယနေ့အချိန်ထိ ကျွေးမွေးသော ထမင်းနှင့်ပဲဟင်းများ အဆင်မပြေမှုနှင့်ပတ်သက်၍ တင်ပြမှုမရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page က ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်ကြောင်း သိရသည်။

သစ္စာ

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၁-၂၀၂၅ အင်္ဂါနေ့

**MRTV HD**

- **၀၆:၀၀** အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ရတနသုတ်၊ခေမသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၄၀** ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြု အစီအစဉ် '**ဂုဏ်ယူစရာ သမိုင်းအမွေအနှစ်များနှင့် ချစ်သောမုဂ်ငမြေ**'
- **၀၉:၁၀** နဝင်္ဂဥပေါသထသီလပေးတရားတော်
- **၀၉:၄၀** Sports Diary
- **၁၁:၁၅** ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြု အစီအစဉ် 'ခံတွင်းမြိန်စရာသူ့လက်ရာ' '**တစ်ကုန်းမြို့ကြောင်ကျော်ပျော့ပူးထမင်းချဉ်သုပ်**'
- **၁၂:၃၅** '**မြတ်စွာဘုရားနှစ်သက်သော ဘဝနေထိုင်းနည်း**' တရားတော်
- **၁၃:၃၀** MRTV National News
- **၁၄:၂၅** ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြု အစီအစဉ် '**မျိုးချစ်စိတ်ဓာတ်ကိုထင်ဟပ် အင်းဝဆင်ကျုံးခံတပ်**'
- **၁၅:၃၀** Weekly MNL Review
- **၁၆:၄၀** ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- **၁၇:၂၅** ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုတေး
- **၁၇:၄၀** ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအက
- **၁၈:၃၅** ပြည်ချစ်သားမွန် တေးသဝဏ်
- **၁၈:၄၅** သံသာချိုအေးမင်္ဂလာတေး
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**သူတောင်းမြည့်ကြယ်တာရာစတာလာ**' (အပိုင်း-၆၃)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ပြည်ချစ်သားမွန် တေးသဝဏ်
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အလင်းဖမ်းသူများ**' (အပိုင်း-၉)
- **၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

- **07:02** Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
- **07:11** Alms Bowl
- **07:32** A Nun's Creation in Fruit Carving
- **07:40** Don Min Artist
- **08:01** News
- **08:26** Tahbuhla Dam & Oakkan Chaungtha
- **08:38** The Four Famous of Bagan
- **09:01** A Special Moment with A Man of Versatility (Epi-2) Personal & Artistic Life
- **09:35** Traditional Myanmar Theatrical Performance (Pyay Kan Taw Ahla Nat MaungHnama Yein Aka)
- **09:44** Tha Khut Salad (Myanmar Style)
- **10:01** News
- **10:26** Lifestyle & Entertainment (Weekly Updates)

**MRTV NRC**

- **ကချင် (၀၆:၀၀ မှ ၀၈:၀၀)** ဒေါင်လန်ဖူးအလွန်မှဒီးလာဝါဇီကျေးရွာသို့(အပိုင်း-၁)
- **ကယား (၀၈:၀၀ မှ ၁၀:၀၀)** အလှဖြာဝေ ငွေတောင်ပြည်
- **ဝကကရင် (၁၀:၀၀ မှ ၁၁:၀၀)** ပဲခူးအနောက်ဘက်ဒေသ၏ ကရင်ရိုးရာရက်ကန်းရက်လုပ်ခြင်း
- **အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** လုပ်းခွဲ့ပါလေ ဒေါင်းဖြူမြေ
- **အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** ကရင်တိုင်းရင်းသားတို့ရဲ့ကန်ပေါင်ဟင်းလျာ
- **ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)** တိရစ္ဆာန်အခေါ်အဝေါ်များ(အပိုင်း-၂)
- **ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)** ဆံတော်ရှင်ကျိုက်ထီးရိုး
- **မွန် (၁၅:၀၀ မှ ၁၇:၀၀)** မွန်ရိုးရာခေါက်မုန့်ပြုလုပ်နည်း
- **ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁၁)
- **ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)** ထင်းရှူးတန်းကရှိုက်ခံပန်း(အပိုင်း-၂)(ဇာတ်လမ်း)
- **ဝ (၂၁:၀၀ မှ ၂၃:၀၀)** အာလူးဟင်းချက်နည်း

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၇:၄၅** နိုင်ငံတကာစီးပွားရေးသတင်း
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၀၉:၄၅** Save Our Planet Program
- **၁၀:၄၅** အသိပညာနှင့်အမှန်တရား
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၄၅** Football Highliths

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ '**အစ္စရေးနိုင်ငံ**'
- **၀၉:၃၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို '**တောင်းပန်ပါတယ်**'
- **၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ '**ဆွစ်ဇာလန်နိုင်ငံ**'
- **၁၀:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း '**ကိုရီးယားနိုင်ငံ**' (အပိုင်း-၁)
- **၁၁:၃၀** ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၅၆)

**MRTV FARMERS' / HTV Channel**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၁၀** သစ်အယ်သီးနှင့် မက်မန်းသီး စိုက်ပျိုးထွက်ရှိရာ ပြင်ဦးလွင်မြို့နယ်မှာ
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၈:၂၀** First Ever Tour of My New Garden
- **၁၉:၂၀** 200 Futuristic Agriculture Machines That are Next Level
- **၁၉:၄၅** International Music Hits
- **၂၀:၀၀** ချွန်စက်(ဇာတ်လမ်း)
- **၂၂:၀၀** Satyaprem.Ki.Katha (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက် လမ်းပြကြယ်
- **၀၆:၄၅** Sports Diary
- **၁၇:၀၀** အားကစားသတင်း
- **၂၂:၀၀** AFC Women Futsal Asian Cup (China-Taipar Vs Macua)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့် ပတ်သက်၍ ငွေကြေးများ တောင်းခံခဲ့ကြသည့် ဝန်ထမ်းများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၇

နိုင်ငံသား တိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



မောင်ကျော်မင်းခန့်၏ မိဘများထံ ငွေကျပ် သိန်း ၁၃၀ အား ပြန်လည်ပေးအပ်စဉ်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းထားရှိ၍ ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ရွေးချယ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူများ သိရှိနားလည်စေရန် ရုပ်မြင်သံကြားများနှင့် သတင်းစာများတွင် ထုတ်ပြန်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ အကျုံးဝင်သည့် အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ အမျိုးသားများကိုသာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆင့်ခေါ်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသော်လည်း ဇန်နဝါရီ ၂၆ ရက်တွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ ရွှေဘိုမြို့နယ်အတွင်း ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်မှုနှင့် ပတ်သက်၍ ငွေကြေးအလွဲသုံးစားမှု ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်အား မြေပြင်သတင်းစိစစ်ဖော်ထုတ်ခဲ့ရာ ဇန်နဝါရီ ၂၄ ရက် ည ၇ နာရီခန့်တွင် ရွှေဘိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်ရဲမှူး သန်းဇော်တို့ ဦးဆောင်သည့် ဧည့်စာရင်းစစ်ဆေးရေးအဖွဲ့သည် ရွှေဘိုမြို့ အမှတ် (၄) ရပ်ကွက်အတွင်း ဧည့်စာရင်း လိုက်လံ စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးစဉ် မောင်ကျော်မင်းခန့် အသက် ၂၄ နှစ် အဘ ဦးကိုကိုလေး ကျောက်မြစ်ကျေးရွာနေထိုင်သူသည် ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိဘဲ ရောက်ရှိနေထိုင်လျက်ရှိသဖြင့် ပြည်သူ့စစ်မှုထမ်းစာရင်းသွင်းမည်ဟုဆိုကာ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ထို့နောက် မောင်ကျော်မင်းခန့်၏ မိဘများထံသို့ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှ အငယ်တန်းစာရေး သူရိန်ညွန့်က ငွေကျပ်သိန်း ၁၃၀ ပေးပါက မောင်ကျော်မင်းခန့်အစား အခြားသူတစ်ဦးအား လူစားလဲလှယ်ပေးမည်ဟု ဆက်သွယ်ပြောဆိုလာခဲ့သဖြင့် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၃ နာရီခန့်တွင် မောင်ကျော်မင်းခန့်၏ ဖခင်ဖြစ်သူ ဦးကိုကိုလေးက သွားရောက်ပေးဆောင်ခဲ့ရကြောင်း သိရှိရသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ ငွေကြေးများ တောင်းခံခဲ့ကြသူများအား တွေ့မြင်ရစဉ်။



ရဲမှူး သန်းဇော်



အကြီးတန်းစာရေးကျော်ခိုင်လတ်



အငယ်တန်းစာရေး သူရိန်ညွန့်

ဆက်လက်စိစစ်ဖော်ထုတ်ချက်များအရ အဆိုပါ ငွေကျပ်သိန်း ၁၃၀ အား ရွှေဘိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဇော်က ၂၅ သိန်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ အကြီးတန်းစာရေး ကျော်ခိုင်လတ်က ၂၅ သိန်း၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှ အငယ်တန်းစာရေး သူရိန်ညွန့်က သိန်း ၃၀၊ မောင်ကျော်မင်းခန့်အစား လူစားထိုးလဲလှယ်မည့် ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက်တွင် နေထိုင်သူ သန်းစိုးထိုက်က သိန်း ၅၀ စသည်ဖြင့် အသီးသီးခွဲယူခဲ့ကြကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

## ပြန်လည်ပေးအပ်

ဖြစ်စဉ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အလွဲသုံးစားပြုလုပ်၍ ငွေကြေးရယူ ဆောင်ရွက်ခဲ့ကြသူများအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၎င်းတို့ရယူခဲ့ကြသည့် ငွေကျပ်သိန်း ၁၃၀ ကိုလည်း မောင်ကျော်မင်းခန့်၏ မိသားစုများထံသို့ သက်ဆိုင်ရာတာဝန်ရှိသူများက ဇန်နဝါရီ ၂၆ ရက် ည ၉ နာရီခွဲတွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ပြည်သူ့စစ်မှုထမ်းများအား ဆင့်ခေါ်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေသတ်မှတ်ချက်များအတိုင်းသာ ဆင့်ခေါ်သွားရန်နှင့် ငွေကြေးများ တောင်းခံခြင်း၊ လူစားထိုးလဲလှယ်ခြင်းများ မရှိစေရေး တာဝန်ရှိသူများက အသိပညာပေးမှုများကိုဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆင့်ခေါ်မှုမရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်သွယ်သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# မတ္တရာမြို့နယ် စကျင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရပြီး လူနေအိမ်တချို့ ပျက်စီးခဲ့သည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ရွာကို ဇန်နဝါရီ ၂၆ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရပြီး လူနေအိမ်တချို့ ပျက်စီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းဒေသအတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှု မရှိစေရေးနှင့် ပြည်သူ့ဘဝ လုံခြုံရေးအတွက် လိုအပ်သည့်နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ကျေးရွာများအတွင်းသို့ အကြောင်းမဲ့ တစ်စုံတစ်ရာ ပစ်ခတ်ခဲ့မှုမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသည့် ကျေးရွာများအား အကြောက်တရား လွှမ်းမိုးစေရန် ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်လျက်ရှိရာ လူနေအိမ်များ ပျက်စီးပြီး အပြစ်မဲ့အရပ်သား ပြည်သူများ သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိကြောင်း၊ ထိုသို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားလာစေရန် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်-ရန်ကုန် ကားလမ်းပေါ်၌ ခရီးသည်တင်မှန်လုံယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

ပြည် ဇန်နဝါရီ ၂၇

ပြည်မြို့ နဝဒေးနယ်မြေအတွင်း၌ ယနေ့မွန်းလွဲ ၃နာရီ မိနစ် ၅၀ ခန့်က ရန်ကုန်-ပြည်-ပေါက်ခေါင်း ပြေးဆွဲသည့် ဘုန်းမြတ်ပိုင် ခရီးသည်တင်မှန်လုံယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါခရီးသည်တင်ယာဉ်သည် ရန်ကုန်မှ ပြည်သို့ မောင်းနှင်လာစဉ် ပြည်-ရန်ကုန် ကားလမ်း မိုင်တိုင်အမှတ်(၁၇၇/၁)အနီး၌ အဲကွန်းကွန်ပရက်ဆာအပူလွန်ကဲရာမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကို ပြည်မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့ပေါ် အရန်မီးသတ်စခန်းများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၃ စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် တာဝန်ရှိသူများ၊ လူမှုကူညီရေးဒေသခံပြည်သူများနှင့်အတူ ငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းနိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ကားတစ်စီးလုံး မီးလောင်ကျွမ်းပျက်စီးဆုံးရှုံးခဲ့ပြီး ခရီးသည်များ ထိခိုက်မှုမရှိကြောင်းနှင့် ယာဉ်မောင်းဖြစ်သူအား ပြည်မြို့ အမှတ်(၂)ရဲစခန်းမှ တာဝန်ရှိသူများက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ထားဝယ်မြို့နယ်၌ သဘာဝမြေဩဇာပေးအပ်ပွဲကျင်းပ



ထားဝယ် ဇန်နဝါရီ ၂၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် အမှတ်(၄)အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ စိုက်ခင်းအတွင်း နည်းပညာပေးကွင်းသရုပ်ပြပွဲနှင့် သဘာဝမြေဩဇာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ထားဝယ်ခရိုင်အတွင်းရှိတောင်သူများအား သဘာဝမြေဩဇာအိတ် ၂၄၀ အား ပေးအပ်သည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က DOA နှင့် DAR ပူးပေါင်းဆောင်ရွက်သည့် မတ်ပဲလေးမျိုး စိုက်ခင်း၊ အောင်မြင်ဖြစ်ထွန်းနေသည့် နေကြာစိုက်ခင်း၊ မြေပဲသီးနှံ၊ မတ်ပဲမျိုးစေ့ထုတ်စိုက်ကွက်၊ အစေ့ထုတ်ပြောင်း၊ ပိုက်ဆံလျှော်နှင့် ဟင်းသီးဟင်းရွက် စိုက်ခင်း၊ Strip Cross အကန့်လိုက်စိုက်နည်းစနစ်၊ တိရစ္ဆာန်အစာပင်နေဗီယာမြက်စိုက်ခင်း၊ Home Garden သီးနှံများစသည့် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲအား ကြည့်ရှုအားပေးပြီး တောင်သူများအားရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှတ်(၄) စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းမှ သရုပ်ပြမွေးမြူထားရှိသည့် ဥစားကြက်၊ ဝက်၊ ဆိတ်မွေးမြူရေးခြံများ ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ အား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး စာရေးကိရိယာများနှင့် ကြက်ဥများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်အောင်မြို့ မြို့မနေခြည်ဈေးအတွင်း မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

မြန်အောင် ဇန်နဝါရီ ၂၇

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ နေခြည်ဈေး မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများသည် မြို့မ နေခြည်ဈေးအတွင်း ဆိုင်ခန်းများသို့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်၊ မီးသတ်ဆေးဘူးများစစ်ဆေးခြင်း၊ ဈေးအတွင်းရှိ ရေငုပ်တိုင်များမှ ရေထွက်နှုန်းများစစ်ဆေးခြင်း၊ မီးသတ်ရေကန်များစစ်ဆေးခြင်းနှင့် ဈေးခေါင်းရုံးမှ လျှပ်စစ်မီးမိန်းများ ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဈေးခေါင်းရုံးတာဝန်ခံအား မှာကြားသည်။

ထို့ပြင် မီးလန့်မှုများဖြစ်ပွားလာပါက အရေးပေါ်ထွက်ပေါက်/လှေကားများထားရှိစေရေး၊ fire alarm system တပ်ဆင်ထားမှုများ၊ လျှပ်စစ်မီး၊ ဝိုင်ယာကြိုးများမှ တစ်ဆင့် မီးလောင်မှုမဖြစ်ပွားရေး လျှပ်စစ်မီးသုံးစွဲရာတွင် စနစ်တကျအသုံးပြုစေရေး၊ ကွင်းဆင်းစစ်ဆေးမှု၊ အကြံပေးမှုများကို အရှိန်အဟုန်မြင့် ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

# မင်းတုန်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များမီးဘေးလုံခြုံရေး စစ်ဆေး



မင်းတုန်း ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးအတွက် ယနေ့နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဟန်ဇာကျော်နှင့် တပ်ဖွဲ့ဝင်ငါးဦးက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးအတွက်ထားရှိသည့် မီးသတ်ဆေးဘူးများ၊ အပေါ့စားမီးသတ်စက်များ၊ Foam အမြှုပ်ဆေးရည်များ ကောင်းမွန်မှုရှိ၊ မရှိ၊ ရေရရှိရေးစနစ်များ၊ မီးသတိပေးဆိုင်းဘုတ်များနှင့် စက်သုံးဆီသိုလှောင်ကန်များ စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆိပ်ဖြူမြို့နယ်၌ ဝါစိုက်ပျိုးထုတ်လုပ်ခြင်းက မိသားစုဝင်ငွေရရှိ

ဆိပ်ဖြူ ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း၍ ဒေသခံတောင်သူများ ဝါစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် မိသားစုဝင်ငွေရရှိကြောင်း သိရသည်။

၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်၌ ဆိပ်ဖြူမြို့နယ်တွင် ဝါကြီး၊ ချည်မျှင်ရှည် ၊ ငွေချည် – ၉ ၊ ရွှေတောင် – ၈ နှင့် ၁၀၊ B– 31 ဝါမျိုးများကို စိုက်ပျိုးဆောင်ရွက်ခဲ့ပြီး စုစုပေါင်း ဝါသီးနှံ စိုက်ဧက ၂၉၁၂ ဧက စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့သည်။

ဒေသခံဝါစိုက်တောင်သူများအနေဖြင့် ဝါစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းခဲ့ပြီး ဈေးကောင်းများရရှိခဲ့ကြောင်း ဝါစိုက်ပျိုးထုတ်လုပ်မှုတစ်ဧကလျှင် ဝါပိဿာချိန် ၆၀၀ မှ ၈၅၀ ပိဿာအထိထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ချောက်မြို့ စလေဈေးကွက်တို့ရှိ ဝါအဝယ်ဒိုင်များသို့ သွားရောက်ရောင်းချခြင်း၊ ကျေးရွာများအရောက်လာရောက်ဝယ်သူ ရောင်းချခြင်းများဆောင်ရွက်ကြပြီး ဝါစိုက်တောင်သူများအနေဖြင့် ဝါစိုက်ပျိုးထုတ်လုပ်မှုမှ မိသားစုဝင်ငွေရရှိကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**



# ဖေဖော်ဝါရီလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် လေးရက်မှ ခုနစ်ရက်ခန့်နှင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၅ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၇ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နှစ်ရက်မှ ကိုးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များထက်မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များထက်မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

■

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၁၃-၁-၂၀၂၅ ရက်နေ့မှအဆက်)

"မဟာနာမ" မင်းကြီးသည် ကောသလမင်း၏ အလွန်ချစ်ကျွမ်းဝင်သူ (ဝလ္လဘ) ဟု အမည်ပေးလိုက်ပါသည်။ လွှတ်လိုက်သော သံတမန်အမတ်သည် နားလေး၍ နားကြားလွဲပြီး ဝိဋူဋဘဟုမှတ်ယူကာ မင်းကြီးအား "ဝိဋူဋဘ" ဟု အမည်ပေးလိုက်ကြောင်း လျှောက်ထားသည်။ မင်းကြီးကလည်း မင်းသားအား "ဝိဋူဋဘ"ဟု အမည်ပေးပြီး ချစ်မြတ်နိုးလှသဖြင့် ငယ်ရွယ်စဉ်ကပင် စစ်သူကြီး အရာ ပေးထားလေသည်။

"ဝိဋူဋဘ"သည် တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်သော် ကပိလဝတ်ပြည်သို့သွား၍ အဘိုး အဘွားများကိုဖူးမြော်ရန် မိဘများကိုပန်ကြားပြီး သာဝတ္ထိပြည်မှ အခြွေအရံများနှင့် ထွက်ခွာလာလေသည်။ ဝိသဘခတ္တိယာမိဖုရားသည် သူ့သားကို ဇာတိမာန်မပြဘဲ ပျူငှာစွာဆက်ဆံကြရန် သာကီဝင်မင်းတို့ထံသို့ ကြိုတင်၍ လျှို့ဝှက်စွာအကြောင်းကြားထားလေသည်။

သာကီနွယ်မင်းတို့သည် "ဝိဋူဋဘ" လာသည်ကို ကြားလျှင် သူ့ကိုမရှိခိုးနိုင်သဖြင့် သူ့ထက်ငယ်သော မင်းသားတို့ကို ဇနပုဒ်သို့ စေလွှတ်ထားလေသည်။ သူတို့သည် မင်းကွန်း၌ စုဝေးနေကြပါသည်။

စူဠသုဘဒ္ဒါသည် ဘုရားနှင့်တကွသော ရဟန်းသံဃာများအတွက် လှူဖွယ်ပစ္စည်းများ စီစဉ်တော်မူသည်။ ပြာသာဒ်အထက်သို့တက်၍ အဓိဋ္ဌာန်ပြုလေသည်။ ဇေတဝန်ကျောင်းတော်ဘက်သို့ မျက်နှာမူပြီး ဘုရားရှင်အားရည်မှန်း၍ ထိခြင်းငါးပါးဖြင့် ရှိသေစွာရှိခိုးပြီးလျှင် "ဘုရားရှင်၏ အရဟံစသော ဂုဏ်တော်တို့ကိုဆင်ခြင်၍ ပန်းနံ့သာတို့ဖြင့် ပူဇော်လေသည်။ ထို့အပြင် မြတ်စွာဘုရား မနက်ဖြန် ဘုရားအမှူးရှိသော ရဟန်းအပေါင်းတို့ကို တပည့်တော်မ ပင့်ဖိတ်ပါ၏။ ဤပန်းအမှတ်သညာဖြင့် သိစေတော်မူအပ်ပါသတည်း" ဟုဆိုပြီး မြတ်လေးပန်းရှစ်ဆုပ်ကို ကောင်းကင်သို့ ပစ်မြှောက်၍ ဖြန့်ကြဲလိုက်လေသည်

"ဝိဋူဋဘ" မင်းသားသည် မင်းကွန်းသို့ဝင်သွားသော် သာကီနွယ်မင်းတို့က "ချစ်သား ဤသူကား ဘွားတော်တည်း၊ ဤသူကား သင့်ဦးရီးတော်တည်း" ဟူ၍ ရှိခိုးစေသည်။ ၎င်းမင်းသားသည် လှည့်လည်ပြီး အားလုံးကို ရှိခိုး၍ မိမိအားတစ်ဦးတစ်ယောက်မျှ ရှိခိုးသည်ကိုမမြင်သဖြင့် "ကျွန်ုပ်ကိုရှိခိုးမည့် သာကီဝင်မင်းတို့ မရှိကြဘူးလား" ဟု မေးလေသည်။ သာကီနွယ်မင်းတို့က "သင့်ထက်ငယ်သော မင်းညီများသည် ဇနပုဒ်သို့သွားနေကြ၍ မရှိခိုးရခြင်းဖြစ်ကြောင်း" ပြောလေသည်။

သာကီနွယ်မင်းတို့က "ဝိဋူဋဘ"အား ကြီးကျယ်စွာ ဧည့်ခံကြသည်။ မင်းသားသည် နှစ်ရက်၊ သုံးရက်နေပြီး အခြံအရံများစွာဖြင့် ကပိလဝတ်ပြည်မှ ထွက်ခဲ့သည်။ ထိုအခါ ကျွန်မတစ်ဦးသည် မင်းကွန်း၌ "ဝိဋူဋဘ"ထိုင်သွားသောနေရာကို နို့ရည်ဖြင့် ဆေးကြောပြီး "ကျွန်မသားထိုင်သွားသည့် နေရာတည်း" ဟု ဆဲဆိုနေလေသည်။

ထိုအခါ၌ "ဝိဋူဋဘ" မင်းသား၏ မင်းချင်းတစ်ဦးသည် မေ့ကျန်ခဲ့သည့် လက်နက်ပစ္စည်းပြန်ယူရာတွင် ကျွန်မဆိုဆဲနေသည်ကိုကြား၍ မေးမြန်းစုံစမ်းသောအခါ "ဝိသဘခတ္တိယာ" သည် ကျွန်မသမီးဖြစ်ကြောင်း ရှင်းပြလေသည်။ ထိုမင်းချင်းကလည်း မင်းသားအား ဤအကြောင်းကို ပြောပြလေသည်။ "ဝါသဘခတ္တိယာ" သည် ကျွန်မ၏သမီးဖြစ်သတဲ့ ဟူ၍ အုတ်အုတ်ကျက်ကျက်ဖြစ်ကြလေသည်။

"ဝိဋူဋဘ" မင်းသားသည် ဤအကြောင်းကြားရသော် အမျက်ဒေါသထွက်၍ "ငါမင်းဖြစ်လျှင် သာကီဝင်မင်းတို့၏ လည်ချောင်းသွေးဖြင့် ငါထိုင်သည့်နေရာကို ဆေးကြောအံ့"ဟူ၍ ကြံစည်ကာ သာဝတ္ထိပြည်သို့ ပြန်လာလေသည်။

ကောသလမင်းကြီးသည် ထိုအကြောင်းကို သိလျှင် ဒေါသထွက်လျက် မိဖုရား ဝါသဘခတ္တိယာကို မိဖုရားရာထူးမှ လည်းကောင်း၊ သားတော် ဝိဋူဋဘကို စစ်သူကြီးရာထူးမှ လည်းကောင်း ချထားလေသည်။ နှစ်ရက်၊ သုံးရက် ကြာသောအခါ ဘုရားရှင်သည် နန်းတော်သို့ကြွလာရာ ကောသလမင်းကြီးက ဤအကြောင်းအရာများကို တင်ပြလျှောက်ထားလေသည်။

ဘုရားရှင်က အရှင်မင်းကြီး သာကီဝင်မင်းတို့သည် မသင့်လျော်သော အမှုကိုပြုကြသည်။ သို့သော် ဝါသဘခတ္တိယာသည် မဟာနာမ၏ သမီးတော်ဖြစ်သည်သာမက ဘိသိက်သွန်းခံရသည့် မိဖုရားကြီးဖြစ်သည်။ "ဝိဋူဋဘ" မင်းသားသည် သင်မင်းကြီးကိုအစွဲပြု၍ သားတော်ဖြစ်သည်။ စင်စစ် အမိအနွယ်သည် အဓိကမဟုတ်၊ အဖအနွယ်သာ ပဓာနဖြစ်သည်။ ရှေးပညာရှိ မင်းတို့သည် ထင်းခွေသည်မအား မိဖုရားမြှောက်၍ ဖွားမြင်လာသော သားတော်ကိုလည်း မင်းမြှောက်ခဲ့ဖူးလေပြီဟု "ကဋ္ဌဝါဟန ဇာတ်တော်"ကို ဟောကြားလေသည်။

ထိုအခါ ကောသလမင်းကြီးသည် မိဖုရားဖြစ်သည့် ဝါသဘခတ္တိယကို မိဖုရားအရာပြန်ထားပြီး သားတော်ဝိဋူဋဘကိုလည်း သူ၏မူလရာထူးနေရာတွင် ပြန်ထားလေသည်။

## ဘုရားရှင်ကို စူဠသုဘဒ္ဒါပင့်၍ ဥဂ္ဂမြို့သို့ကြွခြင်း

ဥဂ္ဂမြို့၌ ဥဂ္ဂမည်သော သူဌေးတစ်ဦးရှိသည်။ ၎င်းသည် အနာထပိဏ်သူဌေးနှင့် သူငယ်ချင်းဖြစ်သည်။ ၎င်းတို့သည် ကျောင်းနေဖက်ငယ်သူငယ်ချင်းများဖြစ်ကြပြီး တစ်ဦးကိုတစ်ဦး ချစ်ခင်သော မိတ်ဆွေများဖြစ်ကြပါသည်။ တစ်နေ့သောအခါ ဥဂ္ဂသူဌေးသည် ကူးသန်းရောင်းဝယ်မှုပြုလုပ်ရန် လှည်းငါးရာဖြင့် သာဝတ္ထိပြည် အနာထပိဏ်သူဌေး အိမ်သို့ရောက်လာသည်။ ထိုအခါ အနာထပိဏ် သူဌေးသည် သူ၏သမီး စူဠသုဘဒ္ဒါကို ၎င်းအား ပြုစုဧည့်ခံရန် တာဝန်ပေးလေသည်။

ဤသို့ဖြင့် စူဠသုဘဒ္ဒါကလည်း ဖခင်ပြောသည့် အတိုင်း ဥဂ္ဂသူဌေးအား ဝတ်ကြီးဝတ်ငယ်ဖြင့် ပြုစုလေသည်။ ဥဂ္ဂသူဌေးသည် စူဠသုဘဒ္ဒါ၏ ပြုစုပေးမှုကို သဘောကျသည်။ ၎င်းသည် အိမ်ရှင်မကောင်းတစ်ယောက်ဖြစ်သည်ကို သတိပြုမိသည်။ ဥဂ္ဂသူဌေးနှင့် အနာထပိဏ်သူဌေးတို့သည် သူတို့ အိမ်ထောင်မကျမီကပင် သူတို့အိမ်ထောင်ကျ၍ သားသမီးရကြသော် ပေးစားကြစတမ်းဟု ကတိပြုထားသည်။ ထိုကတိအတိုင်း ဥဂ္ဂသူဌေးက စူဠသုဘဒ္ဒါအား သူ့သားနှင့်ထိမ်းမြားပေးရန် သူငယ်ချင်း အနာထပိဏ်သူဌေးထံ တောင်းခံလေသည်။

အနာထပိဏ်သူဌေးသည် မိစ္ဆာအယူရှိသော ဥဂ္ဂသူဌေးထံသို့ သူ့သမီးကို သူ့ဆုံးဖြတ်ချက်ဖြင့် မထည့်လိုသဖြင့် ဘုရားရှင်ထံသို့သွား၍ အကျိုးအကြောင်းပြော လျှောက်ထားလေသည်။ ဘုရားရှင်ကလည်း ထိုဥဂ္ဂသူဌေးသည် သောတာပန်ဖြစ်မည်ကိုမြင်၍ ခွင့်ပြုတော်မူလိုက်သည်။ ထို့ကြောင့် အနာထပိဏ်သူဌေးသည် သူ၏ဇနီး ပုညလက္ခဏာနှင့် နေ့ကောင်းရက်သာရွေး၍ ကြီးကျယ်ခမ်းနားသော ထိမ်းမြားမင်္ဂလာအခမ်းအနားပြုလုပ်ပြီး စူဠသုဘဒ္ဒါအား ဩဝါဒဆယ်ချက်ဖြင့်ဆုံးမလေသည်။ ထို့အပြင် သူ့သမီးအားဆုံးမပေးရန် သူကြွယ်ပညာရှိရှစ်ဦးကို အာမခံပုဂ္ဂိုလ်အဖြစ် ထည့်ပေးလိုက်လေသည်။

သမီးကို ဥဂ္ဂသူဌေးအိမ်သို့ ပို့မည့်နေ့၌ ဘုရားရှင်အမှူးပြုသော သံဃာတော်များကို အလှူကြီးပေးပြီးမှ သမီးကို အခြွေအရံများခြံရံလျက် ဥဂ္ဂသူဌေးအိမ်သို့ ပို့လွှတ်လိုက်လေသည်။ ဥဂ္ဂမြို့သို့ စူဠသုဘဒ္ဒါ ရောက်သောအခါ လိမ္မာပါးနပ်သူတစ်ဦးဖြစ်သဖြင့် ဥဂ္ဂမြို့သူမြို့သားတို့အား သူ၏ဘုန်းကံကျက်သရေကိုပြလျက် ၎င်းတို့နှင့် ခင်မင်ရင်းနှီးမှုဖြစ်အောင် ပြုလုပ်ဆောင်ရွက်သည်။ ဥဂ္ဂသူဌေးကလည်း သူ၏သားနှင့် စူဠသုဘဒ္ဒါအား ကြီးကျယ်ခမ်းနားသောမင်္ဂလာပွဲကြီး ပြုလုပ်ပေးလေသည်။

ဥဂ္ဂသူဌေးသည် မိစ္ဆာအယူရှိသော ပုဂ္ဂိုလ်ဖြစ်သည့်အတွက် မင်္ဂလာပွဲကျင်းပသည့်နေ့၌ အဝတ်မဝတ်သော အစေလကတက္ကတွန်းတို့အား ပင့်ဖိတ်၍ ကျွေးမွေးပူဇော်လေသည်။ ဥဂ္ဂသူဌေးသည် "ငါ့ချွေးမ လာရောက်၍ ငါတို့၏ဆရာ ရဟန်းတို့ကို ရှိခိုးလော့"ဟု ခေါ်ခိုင်းလေသည်။ စူဠသုဘဒ္ဒါသည် အဝတ်မဝတ်သော တက္ကတွန်းတို့ကိုရှက်၍ မကြည့်ဝံ့သောကြောင့် ဥဂ္ဂသူဌေး၏စကားကို ငြင်းပယ်လေသည်။ ဥဂ္ဂသူဌေးသည် သူ့ချွေးမအား အကြိမ်ကြိမ်ခေါ်သော်လည်းမလာသဖြင့် ဒေါသထွက်လေသည်။

ဥဂ္ဂသူဌေးသည် "ဤချွေးမယုတ်ကို ငါ့အိမ်က နှင်ထုတ်ကြလော့"ဟု ပြောဆိုလေသည်။ စူဠသုဘဒ္ဒါသည် သူ၏ဖခင်က အတူထည့်ပေးလိုက်သော သူကြွယ်ပညာရှိရှစ်ဦးကိုခေါ်၍ သူ့အားဆုံးမရန် ခေါ်ခိုင်းပြီး မျက်နှာစုံညီအစည်းအဝေး ပြုလုပ်ကြသည်။ ထိုသူကြွယ်ပညာရှိများကလည်း နှစ်ဖက်စကားများနားထောင်ပြီး စူဠသုဘဒ္ဒါတွင် အပြစ်မရှိကြောင်း ဥဂ္ဂသူဌေးအား ပြောကြားလေသည်။

ဥဂ္ဂသူဌေးသည် သူ၏သူဌေးကတော်အားခေါ်၍ "ရှင်မရေ ဤငါတို့ချွေးမ စူဠသုဘဒ္ဒါသည် ငါတို့၏ ရဟန်းများကို အရှက်မရှိသူများဟုဆိုကာ မရှိခိုးချေ" ဟု ပြောဆိုလေသည်။ ထိုအခါ သူဌေးကတော်က စူဠသုဘဒ္ဒါအားခေါ်၍ "ချစ်သမီး သင်တို့ကိုးကွယ်သည့် ရဟန်းတို့ကို အလွန်ပင်ချီးမွမ်းဘိ၏။ ဤရဟန်းတို့၏ အကျင့်သီလသိက္ခာတို့ကို ငါ့အား ပြောပြပါ" ဟု ဆိုလေသည်။ ထိုအခါ စူဠသုဘဒ္ဒါသည် ဘုရားရှင်နှင့်တကွသော ဂုဏ်ကျေးဇူးတော်များကို ခုနစ်ဂါထာဖြင့် ရှင်းလင်းချီးမွမ်းပြောကြားလေသည်။ စူဠသုဘဒ္ဒါ၏ ယောက္ခမ,အမကြီးသည် စူဠသုဘဒ္ဒါ၏ ပြောကြားချက်ကို နှစ်သက်တော်မူလေသည်။ သူဌေးကတော်ကလည်း ဆက်၍ "ချစ်သမီး သင်သည် သင်၏ဆရာနှင့်တကွ ရဟန်းသံဃာတော်များကို ငါတို့အားပြသနိုင်ပါ၏လော့"ဟု ဆိုလေသည်။ စူဠသုဘဒ္ဒါကလည်း ပြနိုင်ပါ၏ဟု ဆိုလျှင် သူဌေးကတော်က "သင့်တို့ဆရာ ဘုရားကို ပင့်ဆောင်၍ ပူဇော်ပါ၊ ကြိုက်သလိုစီမံပါ" ဟု ခွင့်ပေးလေသည်။

စူဠသုဘဒ္ဒါသည် ဘုရားနှင့်တကွသော ရဟန်းသံဃာများအတွက် လှူဖွယ်ပစ္စည်းများ စီစဉ်တော်မူသည်။ ပြာသာဒ်အထက်သို့တက်၍ အဓိဋ္ဌာန်ပြုလေသည်။ ဇေတဝန်ကျောင်းတော်ဘက်သို့ မျက်နှာမူပြီး ဘုရားရှင်အားရည်မှန်း၍ ထိခြင်းငါးပါးဖြင့် ရှိသေစွာရှိခိုးပြီးလျှင် "ဘုရားရှင်၏ အရဟံ စသော ဂုဏ်တော်တို့ကိုဆင်ခြင်၍ ပန်းနံ့သာတို့ဖြင့် ပူဇော်လေသည်။ ထို့အပြင် မြတ်စွာဘုရား မနက်ဖြန် ဘုရားအမှူးရှိသော ရဟန်းအပေါင်းတို့ကို တပည့်တော်မ ပင့်ဖိတ်ပါ၏။ ဤပန်းအမှတ်သညာဖြင့် သိစေတော်မူအပ်ပါသတည်း" ဟုဆိုပြီး မြတ်လေးပန်းရှစ်ဆုပ်ကို ကောင်းကင်သို့ပစ်မြှောက်၍ ဖြန့်ကြဲလိုက်လေသည်။ ထိုပန်းတို့သည် ကောင်းကင်တွင်သွား၍ ဇေတဝန်ကျောင်းတော်၌ ပရိသတ်လေးပါးအား တရားတော်ဟောကြားနေသည့် ဘုရားရှင်၏အထက်တွင် ပန်းများသည် မျက်နှာကြက်အဖြစ် ရပ်တည်နေလေသည်။

ဘုရားရှင်တရားဟောပြီးသောအခါ အနာထပိဏ် သူဌေးကြီးသည် ဘုရားရှင်အား သူ့အိမ်သို့ မနက်ဖြန် ဆွမ်းခံကြွရောက်ရန် ပင့်ဖိတ်လေသည်။ ဘုရားရှင်သည် "သူဌေးကြီး ငါဘုရားအား ဆွမ်းပင့်ဖိတ်သူရှိပြီး ဖြစ်သည်။ သည်းခံတော်မူရန်" မိန့်တော်မူလေသည်။ ထိုအခါ သူဌေးကြီးက ဘုရားရှင်အား "သူ့ထက်စော၍ ပထမဆုံး ပင့်ဖိတ်သူမရှိပါ။ ဘယ်သူပင့်ဖိတ်သူဖြစ်ပါသနည်း"ဟု မေးလျှောက်လေသည်။ ဘုရားရှင်က "သူဌေးကြီး စူဠသုဘဒ္ဒါက ပင့်ဖိတ်ပြီးလေပြီ" ဟု မိန့်တော်မူသည်။ "စူဠသုဘဒ္ဒါသည် ဥဂ္ဂမြို့၌နေပါ၏" ဟု အနာထပိဏ်သူဌေးကြီးက လျှောက်ထားသော် ဘုရားရှင်က "အရပ်ဝေးနေသော်လည်း သူတော်ကောင်းတို့သည် ငါ့ရှေ့၌နေသကဲ့သို့ ထင်ရှားရှိပါကုန်၏" ဟု မိန့်တော်မူသည်။

(ဆက်လက်ဖော်ပြပါမည်)



# စစ်ကိုင်းတိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မုံရွာ ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေးညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅)ကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့တိုင်းဒေသကြီးအတွင်းရှိ ဒေသများလုံခြုံတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ နေထိုင်သည့်ပတ်ဝန်းကျင်နှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးစသည့်လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာအားလုံးနှင့် ခရိုင်/မြို့နယ်အားလုံးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် အမျိုးသားရေးရည်မှန်းချက်၊ နိုင်ငံရေးရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်များနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကာ တိုင်းပြည်အေးချမ်းသာယာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်



အောင် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းက ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး(၈/၂၀၂၄) လမ်းညွှန်ချက်များအပေါ် ဌာနဆိုင်ရာများမှ လိုက်နာဆောင်ရွက်မှုအခြေအနေများကို ဖတ်ကြားရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း၊ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များ၏ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့တက်ရောက်လာသူများ၏ အသီးသီးဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပျော်ဘွယ်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ပျော်ဘွယ် ဇန်နဝါရီ ၂၇**

ပျော်ဘွယ်မြို့နယ်၌ ပြည်သူများ အသိပညာဗဟုသုတ ရရှိစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။



**ပြောကြား**

ဦးစွာ ရမည်းသင်းခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများကို ကျယ်ပြန့်စွာ သိရှိရန်လိုအပ်ခြင်းကြောင့် ယခုကဲ့သို့ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ တက်ရောက်လာသည့် အုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများအနေဖြင့် မိမိနေရပ်သို့ ပြန်လည်ရောက်ရှိပါက ထပ်ဆင့်ရှင်းလင်း ဆွေးနွေးနိုင်ရေးတို့ကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးက ယနေ့အချိန်အထိ ပြည်သူ့စစ်မှုထမ်းဆောင်နိုင်ရန် ဆင့်ခေါ်ခဲ့မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးမြသီတာက ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ရပ်ကွက်နှင့် ကျေးရွာများမှ အုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြို့သစ်မြို့နယ်၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**မကွေး ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာနှင့် မင်းဘူးမြို့နယ်၊ အိုင်းမ၊ အိုးပြင်မဲ၊ ကျွဲတဲ၊ ကြာကန်ကျေးရွာ ငါးရွာမှ စိုက်ပျိုးရေးတောင်သူများ၏ လယ်ယာမြေများတွင် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါကျေးရွာ ငါးရွာတွင် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူများ၏ လယ်ယာမြေကေများအတွက် စိုက်ပျိုးရေများ ကုန်ကျစရိတ်သက်သာစွာ ရရှိမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦးထံမှ သိရသည်။ **ငြိမ်းသူ**

# ချောင်းဆုံမြို့နယ်၌ ဆီထွက်သီးနှံ(နေကြာ)စီမံကိန်း စိုက်ပျိုးခြင်းအတွက် သွင်းအားစုများပေးအပ်

**ချောင်းဆုံ ဇန်နဝါရီ ၂၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ဒေသတွင်းစားသုံးဆီဖူလုံရန်နှင့် ဆောင်းသီးနှံစိုက်ပျိုးသည့် တောင်သူများ ဆီထွက်သီးနှံနေကြာ ပိုမိုတိုးချဲ့စိုက်ပျိုး၍ သီးနှံများအောင်မြင်ဖြစ်ထွန်း ဝင်ငွေတိုးစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဆီထွက်သီးနှံ(နေကြာ) စီမံကိန်း



ဆောင်ရွက်မည့် ကျေးရွာသုံးရွာရှိတောင်သူများအား သွင်းအားစုများ ပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လွင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံနေကြာစီမံကိန်းစိုက်ပျိုးဆောင်ရွက်သွားမည့် အခြေအနေများနှင့် သွင်းအားစုပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တောင်သူများက လုပ်ငန်းခွင်လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာသုံးရွာမှ တောင်သူ ၁၃၈ ဦးအား တာဝန်ရှိသူများက ဆီထွက်သီးနှံ(နေကြာ)စီမံကိန်း စိုက်ပျိုးဆောင်ရွက်မည့် ဧက ၅၀၀ အတွက် သွင်းအားစုများ ပေးအပ်သည်။ ချောင်းဆုံမြို့နယ်အတွင်း ယခုနှစ်စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၃၉၃၇ ဧက စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိရာ ၃၄၃၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျွန်းစုမြို့၌ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေး

**ကျွန်းစု ဇန်နဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့၌ ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ်ဖြင့် KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန၊ အထက(ကျွန်းစု)ကျောင်းတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက အထက(ကျွန်းစု)ကျောင်းတွင် ဆောင်ရွက်ကြသည်။

ကျွေးမွေးရာတွင် အာဟာရပြည့်ဝမျှတပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစာအာဟာရများကို ချက်ပြုတ်ပြင်ဆင်၍ ကလေးငယ်များအား တာဝန်ရှိသူများက အစာအာဟာရအရေးကြီးမှုများကို အသိပညာပေးပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲမင်းဦး၊ ကျောင်းအုပ်ကြီး ဒေါ်ဌေးဌေးဝင်းနှင့် တာဝန်ရှိသူများက KG ကျောင်းသား ကျောင်းသူကလေးငယ်များအား နေ့လယ်စာကျွေးမွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဆိပ်ဖြူမြို့နယ်၌ ဂျပန်ပဲယင်း(နီ)သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



မကွေး ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်သည် စိုက်ပျိုးရေးကိုအဓိကထား၍ လုပ်ကိုင်ကြပြီး ရွာသစ်ရပ်ကွက်ရှိ တောင်သူများသည် ကိုင်းကျွန်းမြေများတွင် ကြက်သွန်နီ၊ မြေပဲ၊ ပဲမျိုးစုံ သီးနှံများကို အဓိကထားစိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ပြည်ပဝယ်လိုအားကောင်းပြီး ဈေးကွက်ခိုင်မာလျက်ရှိသော ဂျပန်ပဲယင်း(နီ) သီးနှံများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဂျပန်ပဲယင်း(နီ)ကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး မတ်လတွင် ရိတ်သိမ်းရကြောင်း၊ တစ်ကေလျှင် ဂျပန်ပဲယင်း(နီ)မျိုးစေ့ သုံးပြည်ခန့်နှင့် မျိုး၊ ထွန်ယက်စိုက်ပျိုးခ၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ ဈေးကွက်အနေဖြင့် ချောက်မြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့နှင့်မန္တလေးမြို့သို့ တင်ပို့ကြောင်း သိရသည်။

ပဲယင်း(နီ)သီးနှံသည် စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်များ ရရှိသည့်သီးနှံဖြစ်ရာ ယခုနှစ်စိုက်ပျိုးရာသီချိန်တွင် ရာသီဥတုကောင်းမွန်၍ ဂျပန်ပဲယင်း(နီ) စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံရိတ်သိမ်းချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်ကြောင်း သိရသည်။



# မုံရွာမြို့နယ်ရှိ ကီလိုမာလကာသီး စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးကွက်

မုံရွာ ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများ၌ သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မြေအမျိုးအစားမရွေး ဖြစ်ထွန်းအောင်မြင်ပြီး စိုက်ပျိုးရန်လွယ်ကူသော နှစ်ရှည်ပင်သီးနှံတစ်မျိုးဖြစ်သည့် ကီလိုမာလကာသီးကို ဘုမ္မနိုးကျေးရွာတွင် စီးပွားဖြစ်စိုက်ပျိုးထားရှိကြောင်း သိရသည်။

ကီလိုမာလကာသီးနှံအား အစိုဓာတ်ကောင်းစွာရရှိသည့် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးကြကြောင်း၊ ၇-၈ လသားအရွယ်ရှိ ကိုင်းကူးပျိုးပင်(အကြီး) တစ်ပင်လျှင်ငွေကျပ် ၂၀၀၀၊ ပျိုးပင်(အသေး) တစ်ပင်လျှင် ၁၀၀၀-၁၅၀၀ ကျပ်ဖြင့် ဝယ်ယူ၍ ပင်ခြား၊ တန်းခြား ရှစ်ပေအကွာဖြင့် စိုက်ပျိုးပြီး တစ်ကေလျှင် အပင်ရေ ၃၅၀ ခန့်စိုက်ပျိုးရကြောင်း၊ အသီးကင်းများ စတင်ချိန်တွင် အားဆေး၊ ပိုးသတ်ဆေးနှစ်ကြိမ်ခန့် ဖျန်းပေးရပြီး အသီးကင်းများအနည်းငယ်ကြီးထွားလာပါက စက္ကူအကြည်အိတ်များဖြင့် စွပ်ပေးရကြောင်း၊ ကီလိုမာလကာပင်များတစ်နှစ်သားအရွယ်ခန့်တွင် အသီးများကို စတင်ခူးဆွတ်နိုင်ပြီး တစ်နှစ်ပတ်လုံးရရှိနိုင်ကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် သိန်း ၅၀ ခန့် ကုန်ကျကြောင်း၊ မြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ ကီလိုမာလကာတစ်ပင်သည် တစ်နှစ်လျှင် အလုံးရေ ၁၅၀-၂၀၀ ခန့်ထွက်ရှိပြီး တစ်ကေလျှင် အလုံးရေ ၄၈၀၀၀-၅၀၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းရောင်းချမှုအပြင် ပွဲစားများမှလည်း စိုက်ခင်းအထိလာရောက်ဝယ်ယူကြပြီး မုံရွာ သစ်သီးဒိုင်များသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

# ပခုက္ကူမြို့နယ်၌ ဆောင်းမြေပဲများထွက်ပေါ်၍ ဈေးကောင်းရ

မကွေး ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ဆိကွဲဝကျေးရွာအုပ်စုအတွင်းရှိ ဆိကွဲဝ၊ သီရိ၊ ဇီးကုန်း၊ ရွာနေခင်စသည့် ကျေးရွာများ၌ မြစ်ရေဝင် မြေနုကျွန်းများပေါ်၌ ငရုတ်၊ နှမ်း၊ ကြက်သွန်နီနှင့် ပဲမျိုးစုံတို့ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ဆောင်းမြေပဲများကိုလည်း စိုက်ပျိုးခဲ့ပြီး ယခုအချိန်တွင် ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

မြေပဲသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလဆန်းပိုင်းမှစတင်၍ရိတ်သိမ်းခဲ့ကြောင်း၊ မျိုးအနေဖြင့် ပင်ပြန့်အတောင့်ကြီးမျိုးများကို အဓိကစိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ ရိတ်သိမ်းခနှင့် လုပ်သားခအပါအဝင် မြေပဲတစ်ကေလျှင် စုစုပေါင်း ၁၀ သိန်းခန့်ကုန်ကျကြောင်း၊ မြေပဲတစ်ကေလျှင် ၄၈ တင်းခန့်ထွက်ရှိပြီး မြေပဲအတောင့်များကို ရောင်းချခြင်းမရှိဘဲ မြေပဲဆန်များကိုသာ ရောင်းချကြကြောင်း၊ ဈေးကွက်အနေဖြင့် မြေပဲဆန်များကို ပခုက္ကူမြို့ရှိ ပွဲရုံများသို့တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် မြေပဲသီးနှံ အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိ၍ အကျိုးအမြတ်ပိုမိုရရှိကြောင်း မြေပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

# ကျောက်ဆည်မြို့နယ်၌ သဘော်သီးနှံ စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးကွက်

**ကျောက်ဆည် ဇန်နဝါရီ ၂၇**

ကျောက်ဆည်မြို့နယ်သည် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်သော ဒေသတစ်ခုဖြစ်သည့်အတွက် သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဈေးကွက်ဝယ်လိုအားရှိသည့် သဘော်ပင်များကိုလည်း တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

**စိုက်ပျိုးလျက်ရှိ**

သဘော်ပင်မျိုးအနေဖြင့် အသီးအထွက်နှုန်းကောင်းမွန်သည့် ထိုင်ဝမ်(အပင်ပု) သဘော်မျိုးများကိုအများဆုံး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် သဘော်မျိုးစေ့များကို ပျိုးထောင်၍ ပျိုးပင်များကို ပင်ခြား၊ တန်းခြား နှစ်ပေ၊ သုံးပေခြား၍ တစ်ကေလျှင် အပင်ရေ ၂၀၀၀ ကျော်ခန့် စိုက်ပျိုးနိုင်ကြောင်း၊ တစ်ကေလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ငွေကျပ် ၁၅-၁၆ သိန်းခန့် ကုန်ကျပြီး မြေဆီမြေဩဇာထည့်သွင်းမှုအပေါ်မူတည်ပြီး အသီးအပွင့်များဝေဆာ၍ အပင်သက်တမ်းကြာနိုင်ကြောင်း၊ သဘော်ပင်တစ်ပင်လျှင် သဘော်သီး အလုံးရေ ၂၅-၄၀ လုံး ထွက်ရှိပြီး တစ်ကေလျှင် သဘော်သီး အလုံးရေ ၄၀၀၀-၅၀၀၀ ကျော်ခန့် ထွက်ရှိကြောင်း၊ သဘော်ခြံများအနေဖြင့် သဘော်သီးအမှည့်များကိုသာ ဦးစားပေးရောင်းချကြကြောင်း၊ ဈေးကွက်အနေဖြင့် သဘော်သီးများကို ဒေသတွင်းရောင်းချမှုအပြင် ပွဲစားများကစိုက်ခင်းအရောက် လာရောက်ဝယ်ယူကြပြီး ထိုမှတစ်ဆင့် မန္တလေးမြို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ သဘော်သီးနှံသည် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး စားသုံးမှုမြင့်မား၍ အကျိုးအမြတ်ရရှိသောကြောင့် တောင်သူများအနေဖြင့် နှစ်စဉ်တိုးချဲ့ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

## ၂၇-၁-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၇၅၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၃၀ | ၁၇၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၆၅၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၇၀၀၀ | ၁၈၀၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၀၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၈၀၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၉၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၅၅၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၉၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၅၇၀၀ | ၁၉၀၀၀ | ၃၄၀၀၀ | ၂၅၀၀၀ | ၂၈၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၅၀ | | ၅၃၀၀ | ၂၁၅၀၀ | ၈၀၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၀၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၅၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၈၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၉၅၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၀၈၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၇၂၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၉၆၅ | ၁၅၈၀၀ | ၃၆၀၀ | ၁၆၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၄၀၀၀ | ၇၀၀ | ၈၅၀၀ | ၇၂၀၀ | ၇၇၀၀ | ၆၈၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၃၅၀၀ | ၂၈၀၀၀ | ၁၃၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၉၆၅ | ၁၆၄၀၀ | ၄၀၀၀ | ၁၆၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၉၀၀၀ | ၇၄၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၈၅၀၀ | ၁၃၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၈၅၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၅၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၂၉၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

# ကချင်ပြည်နယ်ဝန်ကြီးချုပ် အားကစားနည်းအလိုက် ဆပ်ကော်မတီအသီးသီးမှ နည်းပြများအား ဆန်နှင့် အခြေခံစားသောက်ကုန်များ ချီးမြှင့်ပေးအပ်

မြစ်ကြီးနား ဇန်နဝါရီ ၂၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲတွင် ပြည်နယ်ကိုယ်စားပြု အားကစားသမားများအား အားကစားနည်းအလိုက် အောင်ပွဲရရှိအောင် စွမ်းဆောင်ပေးခဲ့သော နည်းပြများအား ကချင်ပြည်နယ်အစိုးရအဖွဲ့က ဆန်နှင့် အခြေခံစားသောက်ကုန်များ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မိမိတတ်စွမ်းသမျှ စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးခဲ့ကြသော အားကစားဆပ်ကော်မတီအသီးသီးက နည်းပြများကို မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တစ်ထောင့်တစ်နေရာက အထောက်အကူဖြစ်စေရေး ယခုလို ဂုဏ်ပြုပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စားသောက်ကုန်များကို ပေးအပ်ချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီးတို့က ပြည်နယ်အတွင်းရှိ အားကစားနည်း ၂၁ နည်းမှ ဆပ်ကော်မတီနည်းပြများအား ဆန်နှင့် ဆီ၊ ကြက်ဥနှင့် ခရမ်းချဉ်သီးများကိုလည်းကောင်း၊ မြန်မာ့လက်ရွေးစင်အဖြစ် ပဏာမရွေးချယ်ခံရသော အမျိုးသမီးဖူဆယ်အားကစားသမားသုံးဦးအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြရာ အားကစားကော်မတီများကိုယ်စား ဖူဆယ်ဘောလုံးနည်းပြတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကချင်ပြည်နယ်အနေဖြင့် ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် ပထမတံခွန်စိုက်ရရှိမှု ရွှေ ၁၂ ခု၊ ဒုတိယအဆင့် ငွေ ခုနစ်ခုနှင့် တတိယအဆင့် ကြေး ၁၂ ခု ရရှိခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အနေဖြင့် အဆင့်(၃)နေရာတွင် ရပ်တည်နိုင်ခဲ့သည့်အပြင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပခဲ့သည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်လည်း ကချင်ပြည်နယ်အနေဖြင့် ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၁၁ ခုနှင့် ကြေးတံဆိပ် ၂၁ ခုရရှိခဲ့ကာ တစ်နိုင်ငံလုံးတွင် အဆင့်(၅)နေရာ၌ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## နည်းပြချုပ် ဘန်လက်ချာယိုဝန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် လမ်းခွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း နည်းပြချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်သည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် လမ်းခွဲလိုက်ပြီဖြစ်သည်။

ဘန်လက်ချာယိုဝန်သည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် တရားဝင်လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ပြီးခဲ့သည့်ရက်ပိုင်းက အသိပေးခဲ့ခြင်းဖြစ်ပြီး လေးနှစ်ဝန်းကျင်ကာလအတွင်း မြန်မာ့လက်ရွေးစင်အမျိုးသားဖူဆယ်အသင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းနှင့် ယူ-၁၉ လူငယ်လက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သည်။ ၎င်းလက်ထက်တွင် မြန်မာဖူဆယ်အသင်းများအနေဖြင့် အောင်မြင်မှုကြီးကြီးမားမားရယူနိုင်ခဲ့ခြင်းမရှိသော်လည်း ၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းကို ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ ဘန်လက်ချာယိုဝန်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့၌ကျင်းပသည့် ၂၀၂၅ အာရှဖလား အမျိုးသမီးခြေစစ်ပွဲဝင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF**

**✷ ကျောဖုံးမှ**

ဂျပန်ဖိုက်တာ မူဂါဆီတိုနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ မိုးထက်အောင်သည် ၂၀၂၄ ခုနှစ်တွင် ONE နှင့် စတင်လက်တွဲခဲ့ပြီး မတ် ၂၉ ရက်တွင် ထိုးသတ်သည့် ONE Friday Fights 57 ပြိုင်ပွဲတွင် ဂျပန်ဖိုက်တာ တိုမိုယာ၊ ဇွန် ၁၄ ရက်တွင် ထိုးသတ်သည့် ONE Friday Fights 67 ပြိုင်ပွဲတွင် ဂျပန်ဖိုက်တာ ကာဇူကီတို့ကို အနိုင်ရထားသည်။ စူပါရေချမ်းသည် ONE နှင့် တစ်ပွဲသာထိုးသတ်ရသေးပြီး ထိုင်းဖိုက်တာ ဆူတင်ကို အမှတ်ဖြင့်အရေးနိမ့်ထားသည်။

မြန်မာဖိုက်တာ အဲမွှီသည် ၂၀၂၄ ခုနှစ်တွင် ONE နှင့် စတင်လက်တွဲခဲ့ပြီး ဩဂုတ် ၂၃ ရက်တွင် ထိုးသတ်သည့် ONE Friday Fights 76 ပြိုင်ပွဲတွင် ဂျပန်ဖိုက်တာ တာကာဇိုနိုကို ဒုတိယအချီတွင် အလဲထိုးအနိုင်ရသော်လည်း အောက်တိုဘာ ၂၅ ရက်က ထိုးသတ်သည့် ONE Friday Fights 84 ပြိုင်ပွဲတွင် ဂမ်ဘီယာဖိုက်တာ အိုမာကို အမှတ်ဖြင့် အရေးနိမ့်ထားသည်။ONE Friday Fights 95 ပြိုင်ပွဲတွင် တွဲဆိုင်းစုစုပေါင်း ၁၂ ပွဲ ပါဝင်မည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-ONE Championship**

**✧ MNL မှ**

ဒဂုံစတားအသင်းသည် အောင်နိုင်ဝင်း၊ မောင်မောင်ဝင်း၊ ကျော်ဇင်လွင်၊ ဆွမ်လမန်၊ ဇင်ညီညီအောင်(ဂိုး)၊ သီဟထက်အောင်၊ အောင်ကျော်နိုင်၊ စွမ်းထက်၊ ဇင်မင်းထွန်းတို့ဖြင့် လက်ရှိလက်ရွေးစင်၊ လက်ရွေးစင်ဟောင်းများဖြင့်လူစုံခဲ့ပြီး သစ္စာအားမာန်အသင်းမှာမူ ရှိုင်းဝဏ္ဏအောင်၊ မင်းမော်ဦး၊ စောမျိုးဇော်၊ မြတ်ဘုန်းခန့်တို့ဖြင့် လူစုံခဲ့သည်။ နှစ်သင်းစလုံး ကစားအားကောင်းသည့်အသင်းများဖြစ်သောကြောင့် ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သော်လည်း ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ဘဲ ၅၅ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် စွမ်းထက်က ခေါင်းတိုက်ပြီး ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မိနစ် ၈၀ တွင် စောမျိုးဇော်က သစ္စာအားမာန်အသင်းအတွက် ချေပဂိုးပြန်သွင်းသော်လည်း နှစ်မိနစ်အကြာတွင် ဆွမ်လမန်က ဒဂုံစတားအသင်းအတွက် အနိုင်ဂိုး ထပ်မံသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဒဂုံစတားအသင်းမှ စွမ်းထက်က ရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၁၇ ပွဲကစား ၃၆ မှတ်၊ သစ္စာအားမာန်အသင်းက ၁၇ ပွဲကစား ၁၄ မှတ် ရရှိထားသည်။

ပွဲစဉ်(၁၇) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၂၈ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး Dagon Port အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ -MNL**

**✭ MFF မှ**

